၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ သောကြာနေ့၊ (20-5-2011) (၆၇၆၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်ဆုများ ဆွတ်ခူးနိုင်ခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်သိက္ခာအဆင့်အတန်း မြှင့်တင်ပေးခြင်းပင်ဖြစ်

နေပြည်တော် မေ ၁၉

ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်ဆုများ ဆွတ်ခူးနိုင်ခြင်းသည် နိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်သိက္ခာအဆင့်အတန်း မြှင့်တင်ပေးခြင်းပင်ဖြစ်ကြောင်း၊ ယခု ချီးမြှင့်ခံရသည့် နိုင်ငံဂုဏ်ဆောင် အားကစားမောင်မယ်များအနေဖြင့်လည်း ယနေ့ ဂုဏ်ပြုချီးမြှင့်ခြင်းသည် နောင်အနာဂတ်ကာလပြိုင်ပွဲများတွင် နိုင်ငံဂုဏ်ဆောင်နိုင်ရန် အားသစ်လောင်းပေးခြင်းဖြစ်သည်ဟု ခံယူပြီး ထိုက်တန်သည့် နိုင်ငံတကာအားကစား အောင်နိုင်မှုဆုတံဆိပ်များ ဆက်လက်ရယူဆွတ်ခူးပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၊ အားကစားဝါသနာရှင်များ၊ အားကစားကို ချီးမြှောက်နေသူများ၏ အားပေးချီးမြှင့်မှု ကျေးဇူးတရားကို ပြန်လည်တုံ့ပြန်ကြရန်လိုကြောင်းဖြင့် မေ ၁၈ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့က ပူးပေါင်းကျင်းပသည့် ၂၀၁၀ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆု ချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဂုဏ်ပြုခံအားကစားသမားများအား တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ၂၀၁၀ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားအားကစားသမားဆုရ မောင်စည်သူလင်း (ပိုက်ကျော်ခြင်း)၊ အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုရ မမေဇင်ဖြိုး (ပိုက်ကျော်ခြင်း)၊ အကောင်းဆုံးနည်းပြဆုရ ဦးသန်းလွင် (ပိုက်ကျော်ခြင်း)၊ အအောင်မြင်ဆုံး အားကစားနည်းဆုရ ပိုက်ကျော်ခြင်း အားကစားနည်းနှင့် အအောင်မြင်ဆုံး အားကစားကလပ်အသင်းဆုရ ရတနာပုံ F.C ဘောလုံးအသင်းတို့အား ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ ချီးမြှင့်သည့် ငွေသားဆု၊ ဆုတံဆိပ်နှင့် ဆုဖလားများကို လည်းကောင်း၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွဲ့ချုပ်မှချီးမြှင့်သည့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့✤**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၀ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားအားကစားသမားဆုရ မောင်စည်သူလင်း(ပိုက်ကျော်ခြင်း)အား ဆုပေးအပ်ချီးမြှင့်စဉ်။(သတင်းစဉ်)

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ ပြန်လည်တည်ထောင် ပြုစုပျိုးထောင်လျက်ရှိ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
မောင်မောင်ထွေး(သတင်းစဉ်)

ဘိုကလေးမြို့နယ် ကဒုံကနီကြိုးဝိုင်း အကွက်အမှတ်(၄၉)ရှိ ဖြုံးမွှေးကျွန်း ပျိုးဥယျာဉ်အတွင်း သမဲ့ကြီး၊ ဖြူးရွှေဝါ၊ မဒမ၊ ရေချင်းယား၊ လမု၊ သရော၊ ကန့်ကလာ စသည့် ဒီရေရောက်ပျိုးပင်ပေါင်း ၂၂ သိန်းကျော်ကို ဤသို့ ပျိုးထောင်ထားသည်။

နာဂစ်အလွန် သုံးနှစ်ပြည့်ပြီး ရက်ပိုင်းအတွင်းမှာပဲ မြစ်ဝကျွန်းပေါ်ရှိ ဒီရေတောများကို သွားရောက်လေ့လာရန်အတွက် ဘိုကလေးနဲ့ လပွတ္တာမြို့များသို့ ခရီးဆန့် ဖြစ်ခဲ့ပါတယ်။

ပြန်လည်ထူထောင်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် မြို့ရွာတွေ ယခင်ကထက် သာလွန်စွာ ပြန်လည်နိုးထလာကြပေမယ့် ရေရှည်ဆောင်ရွက်ရမယ့် စီမံကိန်းကြီးတစ်ခုကတော့ ရှိနေဆဲပါပဲ။

ဒီစီမံကိန်းကတော့ ဧရာဝတီတည်သရွေ့ ဆက်လက်ဆောင်ရွက်သွားရမယ့် ဒီရေတောများ ထိန်းသိမ်းကာကွယ်ခြင်းနဲ့ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းပဲ ဖြစ်ပါတယ်။

ဒီရေတောတွေဟာ သဘာဝကပေးထားတဲ့ တန်ဖိုးကြီးလက်ဆောင်မွန်တစ်ခုပါ။ တန်ဖိုးကြီးမားတဲ့အလျောက်ပေးစွမ်းနိုင်တဲ့ အကျိုးကျေးဇူးကလည်း မနည်းလှပါဘူး။ နာဂစ်မုန်တိုင်းကြီးတိုက်ခတ်စဉ်က ငွေးချောင်း၊ မပွေးတန်း၊ သရော်ချောင်းကျေးရွာတွေက ရေဘေးဒုက္ခသည် ၈၅ ရာခိုင်နှုန်းခန့်ဟာ ကဒုံကနီကြိုးဝိုင်းအတွင်းမှာ စိုက်ပျိုးထားတဲ့ သမဲ့ပင်ကြီးတွေကို တွယ်ဖက်နိုင်ခဲ့လို့ အသက်ရှင်ကျန်ရစ်ခဲ့ကြတယ်ဗျ။ အခြားကျေးရွာများက မျောပါသူအများစုလည်း ဖြုံးမွှေးကျွန်း၊ မိန်းမလှကျွန်းက ဒီရေတောပင်များကြားမှာ အသက်ရှင်ကျန်ခဲ့ကြသေးတယ်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့✳**

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၁၉-၅-၂၀၁၁)							
	သိမ်ဇရပ်	၅ ဒသမ	၆၇ လက်မ		ဘားအံ	၃ ဒသမ	၈၂ လက်မ
	သထုံ	၄ ဒသမ	၀၉ လက်မ		မော်လမြိုင်	၃ ဒသမ	၇၈ လက်မ
	ဘီးလင်း	၃ ဒသမ	၉၄ လက်မ		ကျိုက္ခမီ	၃ ဒသမ	၆၂ လက်မ

မြားမုံ The Mirror
၂၀- ၅ -၂၀၁၁
(သောကြာနေ့)

မူးယစ်ဆေးဝါးကင်းစင် လူမှုပတ်ဝန်းကျင် ဖန်တီး

မူးယစ်ဆေးဝါးသည် တိုက်ရိုက်သုံးစွဲသူနှင့် ဆက်စပ်နှီးနွယ်သည့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ စီးပွားရေး၊ လူမှုရေးများ ဆုံးရှုံးနစ်နာစေသည်သာမက ဂုဏ်သိက္ခာပါ ညှိုးနွမ်းပျက်သုဉ်းစေသည်။

ကမ္ဘာတစ်ဝန်း၌ ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းဆီ၊ ဘိန်းရည်၊ ဆေးခြောက်စသည့် မူးယစ်ဆေးဝါးသုံးစွဲသူများ များပြားလာနေသည်။ ထို့အတူ ဓာတုဗေဒပစ္စည်းများကို အခြေခံထုတ်လုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားများ ကမ္ဘာအနှံ့ ပျံ့နှံ့သုံးစွဲမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ဆင်းရဲချမ်းသာ နိုင်ငံမရွေး၊ ဒေသကြီးငယ်မရွေး အန္တရာယ်ကြီးမားလာနေသော ခြိမ်းခြောက်မှုတစ်ခုပင်။

အထူးသဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးများ အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် ရောက်ရှိသုံးစွဲနေကြရာ အန္တရာယ်ကြီးမားလှသည်။ မူးယစ်ဆေးဝါးသည် တိုက်ရိုက်သုံးစွဲသူ၊ ထုတ်လုပ်သူနှင့် ဖြန့်ချိရောင်းဝယ်သူတို့အကြားကြီးမားသော ပြဿနာတစ်ရပ် ဖြစ်ပေါ်ဆက်စပ်လျက်ရှိရာ နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အလေးထားလုပ်ဆောင်နေကြရပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် လုပ်ဆောင်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကာလသတ်မှတ်၍ အင်တိုက်အားတိုက် အကောင်အထည်ဖော်နေသည်။

နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ခရီးရောက်အောင်မြင်မှု ရရှိနေသည်။ ဘိန်းစိုက်ပျိုးလျက်ရှိသော ဒေသများအတွင်း ဘိန်းခင်းများ ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများ တားဆီးနှိမ်နင်းခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ဧပြီလအတွင်းက နိုင်ငံတစ်ဝန်း၌ ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းဆီ၊ အဆင့်နိမ့်ဘိန်း၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံ ၄၅၉ ဦးတို့အား ဥပဒေအရအရေးယူနိုင်ခဲ့သည်။

ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းနေကြသည့်တိုင် မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများသည် လူသားများကို အန္တရာယ်ပြုခြိမ်းခြောက်နေဆဲဖြစ်သည်။ နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက ကောင်းကျိုးမပေးသည့်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မူးယစ်ဆေးဝါးကင်းစင်သော လူမှုပတ်ဝန်းကျင်ကို ဖန်တီးဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၅　၁။ နိုင်ငံတော်သီချင်း
၇း၁၀　၂။ တရားတော်
၇း၁၅　၃။ ဓမ္မပူဇာတေး
၇း၂၀　၄။ မျိုးချစ်တပ်မတော်
၇း၂၅　၅။ မြန်မာ့ရှုခင်း
၇း၃၀　၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅　၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅　၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀　၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀　၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၅　၁။ နိုင်ငံတော်သီချင်း
၄း၁၀　၂။ အဖွင့်သီချင်း
၄း၁၅　၃။ မျိုးချစ်တပ်မတော်
၄း၂၀　၄။ မဟာဂီတချိုကြည်မြ
၄း၃၀　၅။ မြန်မာစာ၊ မြန်မာစကား (အပိုင်း-၆)
၄း၃၅　၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅　၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅　၈။ အိုင်စီတီသုတ
၅း၀၀　၉။ အားလုံးရဲ့တာဝန်
၅း၁၀　၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀　၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၁၁)
၆း၀၀　၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀　၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀　၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ
၆း၄၀　၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀　၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၁၀)**
၈း၀၀　၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
　　　၁၈။ အမျိုးသားရေးတေးကဗျာ
　　　၁၉။ ဒို့တာဝန်အရေး(၃)ပါး
　　　၂၀။ နိုင်ငံတကာသတင်း
　　　၂၁။ မိုးလေဝသသတင်း
　　　၂၂။ စိုက်ပျိုးသုတ
　　　၂၃။ သံစဉ်များနှင့်ကမ္ဘာ
　　　၂၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
　　　၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
　　　၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ်အိပ်မက်လေးရယ် (အပိုင်း-၁)**
　　　၂၇။ ကမ္ဘာတစ်ခွင်ခရီးစဉ်

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းအား ထိန်ချုံးခရိုင် ပြည်နယ်အစိုးရ ဒုတိယခရိုင်ဝန်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော်　မေ　၁၉

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးခရိုင် ပြည်နယ်အစိုးရ ဒုတိယခရိုင်ဝန် မစ္စတာလီစူဟုန်နှင့်အဖွဲ့သည် မေ ၁၆ ရက် ညနေ ၃ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးခရိုင် ပြည်နယ်အစိုးရ ဒုတိယခရိုင်ဝန် မစ္စတာလီစူဟုန်နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။　(သတင်းစဉ်)

ပြည်နယ်အဆင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့အခမ်းအနား မွန်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်၍ ဆေးတိုက်ကျွေး

နေပြည်တော်　မေ　၁၉

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ပြည်နယ်ဝန်ကြီးများ လိုက်ပါလျက် မေ ၁၄ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်အဆင့် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အထွေထွေရောဂါကုဆေးရုံကြီးစုရပ်တွင် အသက်(၅)နှစ်အောက် ကလေး ၅၄ ဦး၊ မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးစုရပ်တွင် ကလေး ၃၀၊ ရွှေမြိုင်သီရိစုရပ်တွင် ကလေး ၃၀၊ လှိုင်ရပ်ကွက်စုရပ်တွင် ကလေး ၃၀ နှင့် မြေနီကုန်းစုရပ်တွင် ကလေး ၃၀ တို့အား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးခဲ့သည်။

ယင်းနောက် ညနေပိုင်းတွင် မုဒုံမြို့နယ်သို့ရောက်ရှိပြီး ကုလားတူးမြောင်း ဖော်ထုတ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ ရေသွင်း/ရေနုတ်မြောင်း ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအမြန်ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် ဘဲရမ်းကျေးရွာ အဆင့်မြင့်လယ်ယာမြေဧက ၅၀၀ ထွန်ယက်ပြီးစီးမှုကိုလည်းကောင်း၊ မုဒုံဘူတာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

လှော်ခွင်းတောင်ကိုးမုဒ်ပြန်တန်ခိုးကြီးဘုရား၌ ကဆုန်ညောင်ရေသွန်း

နေပြည်တော်　မေ　၁၉

နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်အုပ်စု ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းအနီး လှော်ခွင်းတောင် ကိုးမုဒ်ပြန်တန်ခိုးကြီးဘုရား၌ ကဆုန်ညောင်ရေသွန်းပွဲကို မေ ၁၇ ရက်ညနေ ၃ နာရီတွင် ကျင်းပရာ လှော်ခွင်းတောင်ဆရာတော် ဦးဂန္ဓသီရိ၊ လှော်ခွင်းတောင်ကိုးမုဒ်ပြန်ဘုရားဂေါပကအဖွဲ့ဝင်များ၊ ကျည်တောင်ကျေးရွာသူ၊ ကျေးရွာသားများက လှော်ခွင်းတောင် ကိုးမုဒ်ပြန်တန်ခိုးကြီးဘုရားရင်ပြင်ပေါ်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းခဲ့ကြကြောင်း သိရသည်။　(သတင်းစဉ်)

မေ ၁၀ ရက်က စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် သန့်ရှင်းမှုရှိစေရေးတို့အတွက် ဈေးပိတ်ရက်နေ့တိုင်း အဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်စဉ်။　(မြို့နယ်စည်ပင်)

မြဝတီခရိုင် မြဝတီမြို့နယ် ၂၀၁၁ ခုနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့ အခမ်းအနားကို အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မေ ၁၄ ရက်က ကျင်းပရာ ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြစိန် (၅) နှစ်အောက်ကလေးငယ်တစ်ဦးအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးစဉ်။　(၅၇၀)

နေပြည်တော် မေ ၁၉

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရုပ်မြင်သံကြားဌာန ဥက္ကဋ္ဌ Mr. Zhao Shuqing ဦးဆောင်သောအဖွဲ့သည် မေ ၁၈ ရက် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ယူနန်ပြည်နယ် ရုပ်မြင်သံကြားဌာနတို့အကြား ရုပ်မြင်သံကြားဆိုင်ရာ Program များ အပြန်အလှန်ဖလှယ်ရေး၊ သတင်းနှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများ ပူးပေါင်းရိုက်ကူးထုတ်လုပ်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

လှိုင်မြစ်ကျော်(လှိုင်သာယာ-အလုံ)၂၃၀ ကေဗွီ ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ချိန် ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်

ရန်ကုန် မေ ၁၉

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက လှိုင်မြစ်ကျော်(လှိုင်သာယာ-အလုံ) ၂၃၀ ကေဗွီ ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းကို မေ ၂၆ ရက်မှ ဇွန် ၄ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့ အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ မြစ်ကျော်တာဝါတိုင်မှ လှိုင်မြစ်ကိုဖြတ်၍ တစ်ဖက်ကမ်းသို့ ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သည်။

ခေတ္တပိတ်ထားမည်

ဓာတ်အားကြိုးများကို ရေလယ်တွင် တန်းစီထားသော ရေယာဉ်များပေါ်မှ ကျော်ဖြတ်၍ သွယ်တန်းမည်ဖြစ်သဖြင့် ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းခွင်၏ အထက်ဘက်နှင့် အောက်ဘက် မြစ်အတွင်းမှ ရေယာဉ်များဖြင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ စောင့်ဆိုင်းပြီး ရေလမ်းကြောင်းကို ခေတ္တပိတ်ထားမည်ဖြစ်သည်။

အဆိုပါ ရေလမ်းကြောင်းအတွင်းမှ ဖြတ်သန်းမည့် ရေယာဉ်များအနေဖြင့် လုပ်ငန်းခွင်မှ လွတ်ကင်းရာ ရေကြောင်း၌ ခေတ္တရပ်နားစောင့်ဆိုင်းပြီး လုပ်ငန်းဆောင်ရွက်ပြီး၍ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ရမှသာ ဖြတ်သန်းခုတ်မောင်းကြရန် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုစံပြငါးဈေးကြီးအား အကြီးစား ပြန်လည်ပြုပြင်မှုများ စတင်ဆောင်ရွက်

ရန်ကုန် မေ ၁၉

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးကြီးကို အကြီးစား ပြန်လည်ပြုပြင်မှုများ စတင်ဆောင်ရွက်နေပြီဖြစ်ရာ မေ ၁၆ ရက်မှ စတင်လျက် ငါးဒိုင်ကိုယ်စားလှယ်များ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြမောင်နှင့် အလုပ်အမှုဆောင်များ၏ ကြီးကြပ်မှုဖြင့် ငါးဈေးကြီး၏ အပေါ်ပိုင်းအား ဇင့်အလူမီနီယံသွပ်ပြားအသစ်များ မိုးခြင်း၊ ရေတံလျှောက်နှင့် ခေါင်အုပ်များ တပ်ဆင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ အပေါ်ပိုင်း ပြုပြင်ခြင်းလုပ်ငန်းမှာ ငါးဈေးကြီးရှိ ဈေးရုံလေးရုံအတွက် ငွေကျပ်သိန်း ၃၂၀ ကျော်ကုန်ကျမည်ဖြစ်ပြီး ဈေးသူ၊ ဈေးသားများ ထည့်ဝင်ငွေကျပ် ၁၃၆ သိန်းနှင့် ကျန်ငွေကျပ်သိန်း ၁၉၀ ခန့်ကို ငါးဒိုင်ကိုယ်စားလှယ်များ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက ထည့်ဝင်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ကျန်သည့် အောက်ပိုင်းပြုပြင်ရေးလုပ်ငန်းများဖြစ်သော အုတ်နံရံနှင့် သံပန်းသံတံခါးများ ပြုပြင်ခြင်းလုပ်ငန်းနှင့် အောက်ခြေပြတ်နေသည့် တိုင်များအား တိုင်ဆက်ခြင်းလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မကြာမီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကာလီဖိုးနီးယားပြည်နယ်ရှိ ရေတပ်စခန်း၌ လောင်စာဆီတင်လေယာဉ် ပြေးလမ်းချော် မီးလောင်

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်ရှိ ရေတပ်အခြေစိုက်စခန်း၌ လောင်စာဆီတင် ဘိုးအင်းလေယာဉ်တစ်စင်း ပြေးလမ်းချော်ကာ မီးလောင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပွိုင့်မူဂူ(ကာလီဖိုးနီးယား) မေ ၁၉

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ပွိုင့်မူဂူမြို့ရှိ ရေတပ်အခြေစိုက်စခန်း လေယာဉ်ကွင်း၌ မေ ၁၈ရက်က စစ်ဘက်ဆိုင်ရာ လေယာဉ်တစ်စင်း စတင်ပျံတက်စဉ် ပြေးလမ်းချော်ကာ မီးလောင်မှုဖြစ်ပွားကြောင်း၊ လေယာဉ်ဝန်ထမ်းသုံးဦး အနည်းငယ်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရေတပ်အခြေစိုက်စခန်းရှိ လေယာဉ်ကွင်း၌ ဘိုးအင်း ၇၀၇အမျိုးအစား လောင်စာဆီတင်လေယာဉ်တစ်စင်းသည် လေယာဉ်ကွင်းမှ စတင်ပျံသန်းထွက်ခွာရန် ပြေးလမ်းအတိုင်း မောင်းနှင်လာစဉ် ပြေးလမ်းချော်ကာ မီးလောင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

မေ ၁၈ရက် ဒေသစံတော်ချိန် ညနေ ၅နာရီ ၂၅မိနစ်တွင် အဆိုပါဖြစ်ရပ်ပေါ်ပေါက်ခြင်းဖြစ်သည်။

မတော်တဆမှုဖြစ်ပွားခဲ့သည့် ယင်းလေယာဉ်မှာ အိုမီဂါအမည်ရှိ ဝေဟင်အတွင်း လောင်စာဆီဖြည့်တင်းပေးသော ဝန်ဆောင်လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီကပိုင်ဆိုင်သည့် လေယာဉ်ဖြစ်သည်။ လေယာဉ်ပေါ်လိုက်ပါလာသူ သုံးဦးစလုံးမှာ အရပ်သားဝန်ထမ်းများဖြစ်ကြသည်။

အင်တာနက်။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ဗုံးနှစ်လုံးပေါက်ကွဲ ၂၇ ဦးသေဆုံး

ဘဂ္ဂဒက် မေ ၁၉

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့၌ မေ ၁၉ရက်က ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ ၂၇ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း၊ သေဆုံးသူအများစုမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး လူ ၇၀ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

ရေနံလုပ်ငန်းများတည်ရှိရာ ကယ်ကွတ်မြို့ရှိ ရဲတပ်ဖွဲ့ဌာနချုပ်ရုံးအဆောက်အအုံများ၏ မော်တော်ယာဉ် ရပ်နားရာစခန်း၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုမှာ ယခုလအတွင်း ရဲတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားကာ အကြမ်းဖက်တိုက်ခိုက်သည့် ဒုတိယမြောက်ဖြစ်စဉ်ဖြစ်သည်။ အီရတ်နိုင်ငံ ဟီလာမြို့တွင် မေလ ပထမပတ်အတွင်းက ဗုံးပေါက်ကွဲခဲ့ရာတွင် ၁၆ ဦးသေဆုံးခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များနှင့် ကာဒစ်ထောက်လှမ်းရေးအရာရှိများ၏ မော်တော်ယာဉ်များ ရပ်နားရာနေရာတွင် ဗုံးပေါက်ကွဲခဲ့သည်။

မော်တော်ကားတစ်စီးပေါ် ထောင်ထားသောဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ပထမလုံး ပေါက်ကွဲပြီးနောက် ဒုတိယမြောက်ကားဗုံးတစ်လုံးကို ထပ်မံဖောက်ခွဲခဲ့ရာ ၂၇ဦးသေဆုံးရကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***

မေ ၁၉ရက်က အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒုတိယကမ္ဘာစစ်ကြောင့် မိခင်နှင့်ကွဲသွားသူ ၆၆နှစ်ကြာမှ မိသားစုနှင့် ပြန်လည်တွေ့ဆုံ

ဘာလင် မေ ၁၉

ဒုတိယကမ္ဘာစစ်အပြီး၌ မိခင်နှင့်ကွဲကွာခဲ့ပြီး နယူးဇီလန်၌ ကြီးပြင်းခဲ့ရသူ လူတစ်ဦးသည် ၎င်း၏ဘဝအမှန်ကို သိရှိပြီးနောက် ပထမဆုံးအကြိမ်အဖြစ် မိသားစုနှင့် ပြန်လည်တွေ့ဆုံရပြီဖြစ်ကြောင်း ကြာသပတေးနေ့ အေပီသတင်းတစ်ပုဒ်၌ ဖော်ပြထားသည်။

အသက် ၆၉နှစ်ရှိ ဂျော့ယွန်ဇီးမစ်ကို ၎င်း၏မိသားစုနှင့် ပြန်လည်တွေ့ဆုံနိုင်ရန် နိုင်ငံတကာ ရှာဖွေရေးလုပ်ငန်းက ကူညီခဲ့ခြင်းဖြစ်သည်။ ယွန်ဇီးမစ်သည် လွန်ခဲ့သည့် ၆၆နှစ်က ဘယ်လ်ဂျီယံရှိ ခိုကိုးရာမဲ့စခန်း၌ မိခင်ဖြစ်သူနှင့် ကွဲကွာသွားကာ အခြားအမျိုးသမီးတစ်ဦး၏ မွေးစားခြင်းကို ခံယူခဲ့ရသည်။

၎င်း၏မိခင်က၎င်းကို နှစ်ပေါင်းများစွာ ရှာဖွေခဲ့သော်လည်း ၎င်းအား ခိုကိုးရာမဲ့စခန်း၌ တွေ့ရှိပြီး အာဏာပိုင်များ မသိအောင် ထိုစခန်းမှ ခေါ်ထုတ်သွားခဲ့သော မွေးစားမိခင်နှင့်အတူ နယူးဇီလန်၌နေထိုင်ခဲ့သည်။

ယွန်ဇီးမစ်သည် ၎င်းမိသားစု၏ လက်ဗီးယန်မျိုးရိုးဇာစ်မြစ်ကို လိုက်လံရှာဖွေစဉ် ဘဝဇာတ်လမ်းအမှန်ကို အမှတ်မထင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းသည် ယခုသီတင်းပတ်အတွင်း၌ ဂျာမနီနိုင်ငံရှိ မိသားစုနှင့် ပြန်လည်တွေ့ဆုံလျက်ရှိပြီး ကြာသပတေးနေ့တွင် နိုင်ငံတကာရှာဖွေရေးလုပ်ငန်းဌာန၌ စာမျက်နှာ ၁၅၀ ပါသောဖိုင်ကို လက်ခံရယူမည်ဖြစ်သည်။ ***အေပီ။***

ဂျပန်၏စွမ်းအင်မူဝါဒ ပြောင်းလဲရန်လိုအပ်လာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သုံးစွဲမှုမြှင့်တင်မည်

ဖူကူရှီးမား မေ ၁၉

အဏုမြူဓာတ်ရောင်ခြည်ဘေးအန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံနေရသော ဂျပန်နိုင်ငံသည် နျူကလီးယားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို လျှော့ချကာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သုံးစွဲမှုကို မြှင့်တင်မည်ဖြစ်ကြောင်း ဂျပန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံသည် မတ် ၁၁ ရက်က အင်အားပြင်းမြေငလျင်လှုပ်မှုနှင့် ဆူနာမီရေလှိုင်းရိုက်ခတ်မှုတို့ကြောင့် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံ ပျက်စီးခဲ့ရာ ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ရသဖြင့် ယခုအခါ အစိုးရက နှစ်ရှည်စွမ်းအင်ဆိုင်ရာ မူဝါဒကို ပြင်ဆင်ပြောင်းလဲရန် လိုအပ်လာသည်။

ဂျပန်နိုင်ငံ၏ စွမ်းအင်မူဝါဒအခြေခံမှာ နျူကလီးယားစွမ်းအင်နှင့် ရုပ်ကြွင်းလောင်စာမှထုတ်ယူသော စွမ်းအင်တို့ကို သုံးစွဲရန်ဖြစ်သည်။ သို့ရာတွင် ယခုအခါ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သော နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်ဇီဝဒြပ်ထုတို့ကို ပိုမိုသုံးစွဲမည်ဖြစ်သည်။

နျူကလီးယားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိစေရန်လည်းကောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုမြှင့်တင်ရန်လည်းကောင်း အစိုးရက ဦးတည်ရည်မှန်းကြောင်း ဝန်ကြီးချုပ် နာအိုတိုခန်းက မကြာသေးမီက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ဥရောပ၊ အမေရိကန်နှင့် နှိုင်းယှဉ်ပါက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှု၌ နောက်ကျနေသေးသည်။

ဂျပန်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်ထက် နောက်မကျဘဲ နျူကလီးယားစွမ်းအင်သုံးစွဲမှုကို ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ မြှင့်တင်ရန်ဟူသော နှစ်ရှည်စီမံကိန်းတစ်ရပ် ချမှတ်ခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နာအိုတိုခန်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဂျပန်နိုင်ငံ မြို့တော် တိုကျို၌ ကျင်းပသည့် စွမ်းအင်နည်းပညာဆိုင်ရာ ပြပွဲတွင် နေရောင်ခြည်စွမ်းအင်ကုမ္ပဏီများ၏ ပြခန်းတစ်ခန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားလုပ်လေယာဉ်များ တောင်ကိုရီးယားဈေးကွက်သို့ ထိုးဖောက်

ဂျကာတာ မေ ၁၉

အင်ဒိုနီးရှားနိုင်ငံလုပ် စီအင်န်-၂၃၅အမျိုးအစားလေယာဉ်များအတွက် အကြီးဆုံးဈေးကွက်မှာ တောင်ကိုရီးယားနိုင်ငံဖြစ်လာကြောင်း အင်တာရာသတင်းဌာနက မေ ၁၉ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံလုပ်လေယာဉ်များကို အများဆုံးဝယ်ယူသည့်နိုင်ငံမှာ တောင်ကိုရီးယားနိုင်ငံဖြစ်လာကြောင်း အင်ဒိုနီးရှားစီးပွားရေးရာညှိနှိုင်းရေးဝန်ကြီး ဟာတာရာဂျာဆာက ပြောကြားသည်။အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ နူဆာဒူယာမြို့၌ အင်ဒိုနီးရှား-တောင်ကိုရီးယား အထူးလုပ်ငန်းအဖွဲ့၏ ဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံက ထုတ်လုပ်သော လေယာဉ်များသည် တောင်ကိုရီးယားနိုင်ငံကို ဆွဲဆောင်နိုင်ကြောင်း ၎င်းက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံလုပ် စီအင်န်-၂၃၅ အမျိုးအစားလေယာဉ်ကို ဝယ်ယူသောနိုင်ငံများမှာ တောင်ကိုရီးယား၊ မလေးရှား၊ ဘရူနိုင်း၊ ထိုင်း၊ ပါကစ္စတန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ဖြစ်ကြသည်။ ***အင်တာနက်။***

ကမ္ဘာ့အသက်အကြီးဆုံးလူသား အဘွားမာရီယာဂိုမက်စ်ဗာလင်တင်။ (ဓာတ်ပုံ-အင်တာနက်)

၁၁၄နှစ်ရှိ ဘရာဇီးအဘွားအို ကမ္ဘာ့အသက်အကြီးဆုံးဖြစ်ဟု ဂင်းနစ်ကြေညာ

ရီယိုဒီဂျနေရိုး မေ ၁၉

ဘရာဇီးနိုင်ငံမှ အဘွားတစ်ဦးကို ကမ္ဘာ့အသက်အကြီးဆုံးလူသားအဖြစ် အသိအမှတ်ပြုကြောင်း ဂင်းနစ်အဖွဲ့က မေ ၁၈ရက်တွင် ကြေညာခဲ့သည်။

ဘွားဘွားမာရီယာဂိုမက်စ်ဗာလင်တင် (၁၁၄)နှစ်သည် ၎င်းထက် (၄၈)ရက်ငယ်သော အမေရိကန်အဘွားဘက်စီကူပါးအား ကျော်ဖြတ်၍ ကမ္ဘာ့အသက်အကြီးဆုံးလူသားဖြစ်လာကြောင်း ဂင်းနစ်ဝက်ဆိုက်တွင် တင်ထားသည်။

ဗာလင်တင်သည် မီနာ(စ်)ဂီရေ့ပြည်နယ်တွင် နေထိုင်၍ ၁၉၄၆ ခုနှစ်က မုဆိုးမဘဝရောက်ခဲ့သည်။ အသက်အရွယ်ကြီးရင့်လာသည့်အတွက် ဘီးတပ်ကုလားထိုင်ကိုသာ အားကိုးပြီးသွားလာနေရသည်။ ယခုကဲ့သို့အသက်ရှည်ရှည် နေထိုင်ရခြင်းမှာ အစားအသောက်ကိုချင့်ချိန်ပြီး စားသုံးခဲ့ခြင်းကြောင့်ဟုဆိုသည်။

အခြား ဘရာဇီးနိုင်ငံသူ ဘာဗက်တီယားနားဒီလောဒက်စ်ဆီးလ်ဗားသည် အသက် (၁၁၆)နှစ်ရှိ၍ မှတ်တမ်းများက ကမ္ဘာ့အသက်အကြီးဆုံးလူအဖြစ် ပြသလျက်ရှိသည်။ သို့သော်၎င်းက ၎င်း၏ စာရွက်စာတမ်းအထောက်အထားများကို စစ်ဆေးအတည်ပြုရန် မေတ္တာရပ်ခံတင်ပြလာခဲ့ခြင်း မရှိကြောင်း ဂင်းနစ်အဖွဲ့က ပြောသည်။ ***အင်တာနက်။***

အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်း သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

နေပြည်တော် မေ ၁၉

၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်အတွက် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က မူလတန်းမှ တက္ကသိုလ်အဆင့်အထိ ပညာသင်ကြားနေကြသော အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၁၀၆၅၅၅၀၀ ကို သက်ဆိုင်ရာ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံး၊ ညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မူလတန်းမှ တက္ကသိုလ်အဆင့်အထိ ပညာသင်ကြားနေကြသော အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို တာဝန်ရှိသူများထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ပလင်ါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၁၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီးတွင် မေလ၏ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ခရမ်းမြို့နယ်၌ ဝက်နားရွက်ပြာရောဂါ ပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး၌ မေ ၁၃ ရက် နံနက်ပိုင်းက PRRS ဝက်နားရွက်ပြာရောဂါ ပညာပေးဟောပြောပွဲ ကျင်းပရာ ခရိုင် မွေး/ကု ဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်၊ မြို့နယ်မွေး/ကုဦးစီးဌာနမှူး ဒေါက်တာမိုးဇော်နှင့် ဒုဦးစီးမှူးများ၊ ဒေသခံ ဝက်မွေးမြူသူများ၊ ရောင်းဝယ်သူများ၊ သားသတ်လိုင်စင်လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ခရိုင် မွေး/ကု ဦးစီးဌာနမှူးဒေါက်တာကျော်ဇင်က ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍လည်း ကောင်း၊ မြို့နယ်မွေး/ကု ဦးစီးဌာနမှူးဒေါက်တာမိုးဇော်က မြို့နယ်အတွင်း ဝက်မွေးမြူမှုများအပေါ် စနစ်တကျ ထားရှိဆောင်ရွက်နိုင်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

(သတင်းစဉ်)

ခရမ်းမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး၌ PRRS ဝက်နားရွက်ပြာရောဂါ ပညာပေးဟောပြောပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဂျေအက်ဖ် - ၁၇ အဆင့်မြင့် နည်းပညာသုံး တိုက်လေယာဉ်များ ပါကစ္စတန်သို့ တရုတ်ပေးအပ်သွားမည်

ပေကျင်း မေ ၁၉

ဂျေအက်ဖ်-၁၇ အမျိုးအစား ဂျက်တိုက်လေယာဉ် အစင်း ၅၀ ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံထံမှ ပါကစ္စတန်နိုင်ငံက မကြာမီကာလအတွင်း ရယူနိုင်မည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံထုတ် အရှဏ်ဦးနေ့စဉ်သတင်းစာတွင် မေ ၁၉ ရက်က ဖော်ပြထားသည်။

ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီ၏ လေးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်အတွင်း ဂျေအက်ဖ်-၁၇ တိုက်လေယာဉ်များ လွှဲပြောင်းပေးရေးအတွက် သဘောတူညီချက် ရရှိခဲ့ကြောင်း ပါကစ္စတန်တာဝန်ရှိသူတစ်ဦး၏ အဆိုကို ကိုးကား၍ အရှဏ်ဦးသတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါ တိုက်လေယာဉ်များကို လာမည့် ရက်သတ္တပတ်များအတွင်း ပါကစ္စတန်နိုင်ငံသို့ တရုတ်နိုင်ငံက လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့သည် တိုက်ပွဲဝင်တိုက်လေယာဉ်များ တည်ဆောက်ထုတ်လုပ်မှုကို ပူးတွဲလုပ်ဆောင်လျက်ရှိသော်လည်း ယခုတရုတ်နိုင်ငံက ပေးအပ်မည့် ဂျေအက်ဖ်-၁၇ တိုက်လေယာဉ်များသည် ပုံသန်းရေးနည်းပညာများအရ ပိုမိုအဆင့်မြင့်ရှုပ်ထွေးကြောင်း ပါကစ္စတန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကုန်ကျစရိတ်ကျခံမှုဖြင့် ရရှိမည့် ဂျေအက်ဖ်-၁၇ တိုက်လေယာဉ်များသည် ပါကစ္စတန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ ပါကစ္စတန်လေတပ်၏ နည်းဗျူဟာအရ စွမ်းဆောင်ရည်ကိုလည်း အားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း အရှဏ်ဦးသတင်းစာက ရေးသားဖော်ပြသည်။

အင်တာနက်။

ပါကစ္စတန်နိုင်ငံသို့ မကြာမီ လွှဲပြောင်းပေးအပ်မည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် အဆင့်မြင့်နည်းပညာသုံး ဂျေအက်ဖ် - ၁၇ တိုက်လေယာဉ်တစ်စင်း။

တရုတ်နိုင်ငံ၌ စစ်ဘက်ဆိုင်ရာလေ့လာရေးလုပ်ဆောင်ရန် အမေရိကန်စဉ်းစားနေ

စင်ကာပူ မေ ၁၉

တရုတ်နှင့် အမေရိကန်နိုင်ငံတို့အကြား ဆက်ဆံရေးတိုးတက်လာခဲ့ပါက နှစ်နိုင်ငံအကြား အပြန်အလှန်လေ့လာရေးအစီအစဉ်များအတွက် တရုတ်နိုင်ငံသို့ အရာရှိနှင့် အရာရှိလောင်းများ စေလွှတ်ရေးကို အမေရိကန်စစ်ဘက်က သုံးသပ်စဉ်းစားသွားမည်ဖြစ်ကြောင်း အမေရိကန်ပစိဖိတ်ရေတပ်တပ်မှူးက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ကြိုးပမ်းလျက်ရှိ

အမေရိကန်ပြည်ထောင်စုသည် တရုတ်စစ်ဘက်နှင့် ဆက်ဆံရေးတိုးမြှင့်တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိကြောင်း ပစိဖိတ်ရေတပ်တပ်မှူး ဗိုလ်ချုပ်ကြီး ပက်ထရစ်ဝေးလ်ရှ်က စင်ကာပူနိုင်ငံတွင် ပြုလုပ်သော ရေတပ်ဆိုင်ရာ ညီလာခံတစ်ရပ်၌ ပြောကြားခဲ့သည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့အကြား စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန် အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်တို့က ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ပက်ထရစ်ဝေးလ်ရှ်က ပြောကြားခဲ့သည်။

ဆက်ဆံရေးဖြတ်တောက်

ယမန်နှစ်အစောပိုင်းက တရုတ်(ထိုင်ပေ)ကျွန်းကို လက်နက်ရောင်းချမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံက ကြေညာခဲ့ရာ တရုတ်နိုင်ငံသည် နှစ်နိုင်ငံကြား စစ်ဘက်ဆိုင်ရာဆက်ဆံရေးကို ဖြတ်တောက်ခဲ့သည်။

အင်တာနက်။

စက်မှုသူလျှိုလုပ်ငန်းများ၌ ပါဝင်ခဲ့သူ အစ္စရေးစစ်သံမှူးအား ရုရှားနိုင်ငံမှနှင်ထုတ်

မော်စကို မေ ၁၉

စက်မှုလုပ်ငန်းဆိုင်ရာ သူလျှိုအမှုအခင်းများတွင် ပါဝင်မှုဖြင့် အစ္စရေးစစ်သံမှူးတစ်ဦးကို ရုရှားနိုင်ငံက ပြန်လည်နှင်ထုတ်ခဲ့ကြောင်း ရုရှားထောက်လှမ်းရေးအေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက အာရ်အိုင်အေနိုဗိုစတီသတင်းဌာနသို့ ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

မော်စကိုမြို့တော်ရှိ အစ္စရေးသံရုံးမှ အစ္စရေးလေတပ်ဗိုလ်မှူးကြီး ဗာဒင်လီဒါမန်းသည် ရုရှားနိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာနည်းပညာများကို တရားမဝင်ရယူခဲ့သော အစ္စရေးကုမ္ပဏီများကို အကူအညီများပေးအပ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဆိုဗီယက်ပြည်ထောင်စုဇာတိချက်ကြွေဖြစ်သော အစ္စရေးစစ်သံမှူးဗိုလ်မှူးကြီးလီဒါမန်းကို စက်မှုသူလျှိုမှုဖြင့် ရုရှားနိုင်ငံက နှင်ထုတ်ခဲ့ခြင်းသည် ဆယ်စုနှစ်နှစ်ခုတာကာလအတွင်း အစ္စရေးနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ပထမဆုံးပေါ်ပေါက်ခဲ့သော သူလျှိုအမှုအခင်းဖြစ်ကြောင်း အစ္စရေးနိုင်ငံထုတ် ဟာရက်ဇ်နေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်။

ရုရှားအာဏာပိုင်များက ဗိုလ်မှူးကြီးလီဒါမန်းကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ခေတ္တထိန်းသိမ်းခဲ့ပြီး မော်စကို မြို့မှ ထွက်ခွာသွားရန် ညွှန်ကြားခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဗိုလ်မှူးကြီးလီဒါမန်းသည် လက်ရှိအချိန်၌ အစ္စရေးနိုင်ငံသို့ ပြန်လည်ရောက်ရှိနေပြီဟု ယုံကြည်ရသည်။

ဆိုဗီယက်ခေတ်တွင် မွေးဖွား၍ ဆိုဗီယက်၌ပင် နေထိုင်ကြီးပြင်းခဲ့ကြသော အစ္စရေးနိုင်ငံသား ဂျူးလူ့အဖွဲ့အစည်းများကို အကြောင်းပြု၍ ရုရှားနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့အကြား၌ စီးပွားရေးအရ ရင်းနှီးသောဆက်ဆံရေးတည်ရှိသည်။

သို့ရာတွင် ရုရှားနိုင်ငံသည် အာရပ်ကမ္ဘာကို လက်နက်ခဲယမ်းများ အဓိကပံ့ပိုးပေးလျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဆီးရီးယားနိုင်ငံသို့ အဆင့်မြင့်နည်းပညာသုံးဒုံးကျည်စနစ်များ တင်ပို့ရောင်းချလျက်ရှိသည်။

ဆီးရီးယားနိုင်ငံ၏ အိမ်နီးချင်းဖြစ်သော လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာစစ်သွေးကြွအုပ်စုများထံ ရုရှားနိုင်ငံ၏ လက်နက်စနစ်များရောက်ရှိသွားမည်ကို အစ္စရေးနိုင်ငံက စိုးရိမ်ပူပန်လျက်ရှိသည်။

အင်တာနက်။

ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဘေးမဲ့တောရှိ ကြောင်ထောက်စခန်း၌ မိကျောင်းငယ်များကို ဤသို့ထိန်းသိမ်းမွေးမြူ၍ ဘေးမဲ့တောအတွင်း ပြန်လွှတ်ပေးကြ၏။

မြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတော၏ ရှုခင်းအလှကို ဤသို့ လွမ်းမောဖွယ်ရာ တွေ့မြင်ခဲ့ရသည်။

※ ဧရာဝတီမြစ်ဝကျွန်းပေါ်မှ

မိန်းမလှကျွန်း အနောက်ဘက်က ကျေးရွာတွေဆိုလည်း ဒီရေတောတွေရဲ့ ကျေးဇူးကြောင့် သက်သာရာ ရရှိခဲ့ကြပြန်ပါတယ်။

၂၀၀၄ ခုနှစ်မှာ အိန္ဒိယသမုဒ္ဒရာအတွင်းက ငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ဆူနာမီရေလှိုင်းကြီး ရိုက်ခတ်စဉ်ကလည်း ငလျင်ဗဟိုချက်နဲ့မဝေးကွာလှတဲ့ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများဟာ ဒီရေတောများ အကာအကွယ်ကြောင့် ထိခိုက်ပျက်စီးမှု အံ့သြဖွယ် နည်းပါးခဲ့ပြီး အလွန်ဝေးကွာလှတဲ့ အာဖရိကတိုက် ဆိုမာလီကမ်းခြေက လူတွေရဲ့အသက်အိုးအိမ်စည်းစိမ်တွေ များစွာပျက်စီးခဲ့ရတဲ့ သာဓကလည်း ရှိပါသေးတယ်။

ဒီရေတောတွေဟာ ဧရာဝတီသားတွေကိုပဲ မျက်နှာလိုက်ပြီး အကြိမ်ကြိမ်ကယ်ခဲ့တာတော့ မဟုတ်ပြန်ပါဘူး။

FAO ရဲ့ သတင်းထုတ်ပြန်ချက်အရ အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်ရှိ လူဦးရေ ၁၇၀၀ ကျော် နေထိုင်တဲ့ ရွာလေးတစ်ရွာလည်း ပီချာဘန်း ဒီရေတောရဲ့ အကာအကွယ်ပေးမှုကြောင့် ဆူနာမီရေလှိုင်းဒဏ်က လုံးဝကင်းဝေးခဲ့ရပြီး အင်ဒိုနီးရှားနိုင်ငံရဲ့ Simeuleu ကျွန်းဟာလည်း ငလျင်ဗဟိုချက်မနဲ့ အလွန်နီးကပ်စွာ တည်ရှိပေမယ့် ကျွန်းပတ်လည်မှာရှိတဲ့ ဒီရေတောများကြောင့် သေကျေပျက်စီးမှု သိသာစွာ နည်းပါးခဲ့ရကြောင်း သိရှိရပါတယ်။

ဒါကြောင့် အချို့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များက ဒီရေတောများကို "ပင်လယ်ပြင်တွင် ဖြစ်ပေါ်လေ့ရှိသော မုန်တိုင်းကြီးများနှင့် ရေလှိုင်းကြီးများ၏ အန္တရာယ်များကို နေ့ညမပြတ် တစ်နှစ်ပတ်လုံး ကာကွယ်စောင့်ရှောက်ပေးနေသည့် သဘာဝ၏ သူရဲကောင်းကြီးများ"လို့ တင်စားခေါ်ဝေါ်လေ့ရှိကြပါတယ်။

ဒီရေတောတွေရဲ့ အကျိုးကျေးဇူးက ဒီထက်မကသေးပါဘူး။ ဒေသခံပြည်သူတွေအတွက် သစ်၊ တိုင်၊ မျော၊ ထင်း၊ မီးသွေးရရှိခြင်း၊ ဓနိ၊ ကြိမ်၊ ဖျာ၊ မြက်၊ ပရဆေး၊ ပျားရည်၊ ဆိုးဆေးရရှိခြင်း၊ ကျွဲနွားတိရစ္ဆာန် အစားအစာအဖြစ်ရရှိခြင်း၊ ငါး၊ ပုစွန်၊ ကဏန်း၊ ခုံး၊ ကနုကမာနဲ့ ခရုမျိုးစုံတို့ကို ထုတ်လုပ်နိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို တိုက်ရိုက်ပေးစွမ်းနိုင်ပါသေးတယ်။

ဒါ့အပြင် မုန်တိုင်းနဲ့ ဆူနာမီပင်လယ်ရေလှိုင်းဒဏ်တို့ကို ကာကွယ်ပြီး လူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို ကယ်တင်နိုင်ခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်ပေါ်စေတဲ့လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို စုပ်ယူလျှော့ချနိုင်ခြင်း၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရည်ဝင်ရောက်မှုကို လျော့နည်းစေ၍ စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူပြုစေခြင်း၊ သဲသောင်ဖြစ်ထွန်းမှုကို လျော့နည်းစေခြင်း၊ ရေတိုက်စားမှုမှကာကွယ်ခြင်း၊ ရေသတ္တဝါများနှင့် တောရိုင်းတိရစ္ဆာန်များ ကျက်စားပေါက်ဖွားရာ သဘာဝအစာရရှိရာ နေရာဖြစ်ခြင်း၊ ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေသတ္တဝါများ တိုးပွားလာပြီး ပြည်ပသို့ ပိုမိုတင်ပို့နိုင်သည့်အတွက် နိုင်ငံခြားငွေပိုမိုရရှိခြင်း၊ ဒီရေတော ဂေဟစနစ် ကောင်းမွန်လာ၍ ပညာရှင်များ လေ့လာနိုင်ခြင်းနှင့် သုတေသနပြုနိုင်ခြင်း၊ သဘာဝခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းဆိုတဲ့ သွယ်ဝိုက်အကျိုးကျေးဇူးတွေကလည်း မနည်းလှပါဘူး။

သို့ကလို ကမ္ဘာ့လူသားများစွာကို တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်တစ်ဖုံ အကျိုးကျေးဇူးပေါင်းများစွာ ပေးဆပ်နေပြီး မုန်တိုင်းကြီးများနှင့် ရေလှိုင်းကြီးများရဲ့ အန္တရာယ်တွေကို နေ့ညမပြတ် တစ်နှစ်ပတ်လုံး ကာကွယ်စောင့်ရှောက်ပေးနေတဲ့ သဘာဝရဲ့ သူရဲကောင်းကြီးများဟာ မျက်မှောက်ကာလမှာတော့ လူတွေရဲ့ ပယောဂကြောင့်ပဲ တဖြည်းဖြည်း ကျဆုံးပျောက်ကွယ်စပြုလာတာကို ရင်နင့်ဖွယ် တွေ့မြင်နေရပါပြီ။

ယခင်က ကမ္ဘာပေါ်ရှိ ဒီရေတောအများဆုံးပေါက်တဲ့ နိုင်ငံ ၁၅ နိုင်ငံမှာ ပါဝင်ခဲ့ပြီး ကမ္ဘာ့ဒီရေတောများရဲ့ လေးရာခိုင်နှုန်းခန့်ရှိခဲ့တဲ့ မြန်မာနိုင်ငံရှိ ဒီရေတောကြီးဝိုင်းများဟာ ၂၀၀၇ ခုနှစ် ဂြိုဟ်တုဓာတ်ပုံ အထောက်အထားများအရ ၇၄ ရာခိုင်နှုန်းဟာ အခြားမြေအသုံးချမှုများအဖြစ် ပြောင်းလဲသွားခဲ့ရပါပြီ။ တစ်နည်းအားဖြင့် ဆုံးရှုံးကုန်ပါပြီ။

မြစ်ဝကျွန်းပေါ် ဒေသအတွင်း ဒီရေတောများကို ဤသို့ ပြန်လည်တည်ထောင် ပြုစုထိန်းသိမ်းလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ဒီရေတောဧရိယာများအဖြစ် လပွတ္တာ၊ မော်လမြိုင်ကျွန်းနဲ့ ဘိုကလေးမြို့နယ်တို့ ပါဝင်ပြီး ကြိုးဝိုင်း ကိုးခုရှိပါတယ်။ လက်ရှိမှာတော့ လပွတ္တာနဲ့ ဘိုကလေးမြို့နယ်ရှိ ကြိုးဝိုင်းခြောက်ခုမှာသာ ဒီရေတောဧရိယာအဖြစ် ကျန်ရှိတော့ပြီး သဘာဝရဲ့ သူရဲကောင်းကြီးတွေဟာ ဘိုကလေးမြို့နယ်နဲ့ ဘိုကလေးမြို့က မိန်းမလှကျွန်းဘေးမဲ့တောမှာပဲ အများဆုံးပျော်စံနေကြရပါတော့တယ်။

ဒီရေတောမှထုတ်ယူနိုင်တဲ့ တောထွက်ထက် များစွာ ပိုမိုထုတ်ယူခြင်း၊ ကြိုးဝိုင်းများအတွင်းသို့ လူအများတရားမဝင်ရွှေ့ပြောင်းနေထိုင်လာကြပြီး အသက်မွေးဝမ်းကျောင်းပြုရန်အတွက် စပါးစိုက်ဧရိယာများအဖြစ် အများအပြားတိုးချဲ့လာခြင်း၊ ရေတိုကာလအတွင်း အကျိုးအမြတ်ရရှိနိုင်တဲ့ တာပက်ပုစွန်ကန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း ခေတ်စားလာခြင်းတို့ကြောင့် ဒီရေတောများ အများအပြားဆုံးရှုံးလာရခြင်းဖြစ်ပါတယ်။

သို့မို့ကြောင့် ဒီရေတောများပြန်လည်ထူထောင်ထိန်းသိမ်းရေးအတွက် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် ဆက်စပ်ပတ်သက်မှုရှိသောဌာနဆိုင်ရာများ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနဲ့အတူ ပူးပေါင်းဆောင်ရွက်နေဆဲမှာပဲ ဘူးလေးရာ ဖရုံဆင့်ဆိုသလို နာဂစ်မုန်တိုင်းကာလအတွင်းမှာ လက်ကျန်ဒီရေတော အချို့ထပ်မံပျက်စီးခဲ့ရပြန်ပါတယ်။

သို့ကလို အခြေအနေများကြောင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန စီမံကိန်းနှင့် စာရင်းအင်းဌာန သစ်တောသယံဇာတ ကောက်ယူရေးအဖွဲ့က ၂၀၀၈ ခုနှစ် ဒီဇင်ဘာလအတွင်းမှာပဲ ဘိုကလေး၊ ဖျာပုံနဲ့ လပွတ္တာမြို့နယ်များသို့ ကွင်းဆင်းပြီး နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားတဲ့ ဒီရေတောစိုက်ခင်းများနဲ့ သဘာဝဒီရေတောများအား အကဲဖြတ်မှတ်တမ်းပြုစု၊ စာရင်းကောက်ယူတိုင်းတာ ဆောင်ရွက်ခဲ့ကာ မြို့နယ်တစ်ခုချင်းအလိုက် ဒီရေတောစိုက်ခင်းဧကများ လျာထားသတ်မှတ်စိုက်ပျိုးခဲ့ပါတယ်။

အလားတူသစ်တောဦးစီးဌာန၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း(FREDA) နဲ့ အခြားလူမှုရေး အသင်းအဖွဲ့များ ပူးပေါင်းပြီး မြစ်ဝကျွန်းပေါ်ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒီရေတောပျိုးဥယျာဉ် တည်ထောင်ခြင်း၊ ဒီရေတောသုတေသနစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတော ထိန်းသိမ်းကာကွယ်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းများနဲ့ ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ခြင်း၊ ကွပ်လပ်ဖြည့်စိုက်ခင်း တည်ထောင်ခြင်း၊ စံပြသစ်တောကြီးဝိုင်း တည်ထောင်ခြင်းစတဲ့ လုပ်ငန်းများကို စီမံကိန်းအလိုက် ရေတို၊ ရေရှည်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ဒီရေတောအခန်းကဏ္ဍကို ပြည်သူလူထုအတွင်း ပိုမိုသိရှိနားလည်တန်ဖိုးထားတတ်စေရန်နှင့် ဒီရေတောများပြုစုထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လာစေရန်အတွက် လက်ကမ်းစာစောင်များ၊ ပညာပေးပိုစတာများ၊ ပြက္ခဒိန်များ၊ သတင်းလွှာများကို စီမံကိန်းဧရိယာအတွင်းရှိ ပြည်သူလူထုထံ ဖြန့်ဝေပေးခဲ့ပြီး တိုးချဲ့ပညာပေးစခန်းလေးခုကို မုန်တိုင်းဒဏ်ခံအဆောက်အအုံပုံစံဖြင့် စီမံကိန်းဒေသအတွင်း တည်ဆောက်ပေးခဲ့ပါတယ်။

သို့မို့ကြောင့် သဘာဝရဲ့လက်ဆောင်မွန် သူရဲကောင်းကြီးတွေဟာ မကြာမီကာလအတွင်းမှာ အားမာန်အပြည့်နဲ့ ပြန်လည်နိုးထလာပါတော့မယ်။

ဒီရေတောများဟာ လူသားတွေအတွက် စားဝတ်နေရေးသာမက အသက်အိုးအိမ်စည်းစိမ်များကိုပါ အကာအကွယ်ပေးခဲ့တဲ့ မကြာသေးမီကာလကဖြစ်စဉ်များအရ ဒေသခံပြည်သူများအနေဖြင့် မိမိတို့နဲ့ မိမိတို့မျိုးဆက်သစ်များရဲ့ အနာဂတ်အတွက် ဒီရေတောများကို ထိန်းသိမ်းကာကွယ်ခြင်း၊ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာနနဲ့အတူ ယခုထက်ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်တစ်ဦးက "ကျွန်ုပ်တို့သည် ကမ္ဘာကြီးကို ဘိုးဘွားများထံမှ လက်ဆင့်ကမ်း အမွေဆက်ခံခဲ့ခြင်းမဟုတ်၊ မျိုးဆက်သစ်တို့ထံမှ ခေတ္တငှားရမ်းယူထားခြင်းသာဖြစ်သည်"လို့ ဆိုထားခဲ့ဖူးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့မျိုးဆက်သစ်တွေကို စိမ်းလန်းစိုပြည်ပြီး သာယာလှပတဲ့ ကမ္ဘာကြီးအဖြစ် ပြန်လည် ပေးအပ်နိုင်ရန်အတွက် "အနာဂတ် မျိုးဆက်သစ်တို့ စိတ်အေးချမ်းအသက်ရှင်ဖို့ ဒီရေတောများကို ထိန်းသိမ်းစိုက်ပျိုးကြပါစို့" လို့ ဧရာဝတီသားတွေအပါအဝင် ဒေသခံပြည်သူအပေါင်းကို တိုက်တွန်းနှိုးဆော်လိုက်ရကြောင်းပါခင်ဗျား။ ။

Latter Day Saint Charities မှ ဘီးတပ်ကုလားထိုင်များ လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၉

Latter Day Saint Charities မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသို့ အသုံးပြုရန်အတွက် ဘီးတပ်ကုလားထိုင် အစီး ၅၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ Latter Day Saint Charities မှ Country Director Mr. Dale Gilman Simpson Jr က လှူဒါန်းရခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဘီးတပ်ကုလားထိုင်အစီး ၅၀ ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

Latter Day Saint Charities အဖွဲ့သည် ၂၀၀၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများ အသုံးပြုနိုင်ရန်အတွက် ဘီးတပ်ကုလားထိုင်များ လှူဒါန်းခဲ့ရာ ယခုအကြိမ်အထိ စုစုပေါင်း ၁၃၇၅ စီး လှူဒါန်းခဲ့ပြီးဖြစ်သည်။

အဆိုပါ ဘီးတပ်ကုလားထိုင်များကို လူမှုဝန်ထမ်းဦးစီးဌာန အစီအစဉ်ဖြင့် အမှန်တကယ် လိုအပ်လျက်ရှိသည့် ကိုယ်အင်္ဂါမသန်စွမ်းသူများထံ သက်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အီတလီသမ္မတနိုင်ငံ International Volunteers Service Association မှ Managing Director Mr. Alberto Piatti နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အီတလီသမ္မတနိုင်ငံ International Volunteers Service Association မှ Managing Director Mr.Alberto Piatti နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း — အောဝမ်းစိုး

ရာဇဝင်ဇာတ်ကားသစ်မှာ သရုပ်ဆောင်နေသည့် ကိုရီးယားမင်းသမီး စင်စီဂျီယောင်

ကိုရီးယားမင်းသမီးချော စင်စီဂျီယောင်သည် ယခုနှစ်နှောင်းပိုင်းတွင် ထုတ်လွှင့်ပြသမည့် ရာဇဝင်ဇာတ်ကား သစ်တစ်ကားတွင် ပါဝင်သရုပ်ဆောင်နေကြောင်း သူမ၏ အေဂျင်စီက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ဂျီယောင်သည် အက်စ်ဘီအက်စ် ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် A Tree with Deep Roots ရာဇဝင်ဇာတ်ကားသစ်တွင် မင်းသားဟန်ဆုကျူး၊ ဂျွန်ဟော့တို့နှင့်အတူ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သူမ၏ အေဂျင်စီက ထုတ်ပြန်ကြေညာသည်။

၎င်းဇာတ်ကားသည် ၁၅ ရာစုနှစ်က ကိုရီးယားသမိုင်းကို အခြေခံရိုက်ကူးထားခြင်းဖြစ်ပြီး မင်းသမီးဂျီယောင်က နန်းတွင်းအပျိုတော်တစ်ဦးအဖြစ် သရုပ်ဆောင်ထားကာ မင်းသား ဟန်ဆုကျူးက ဆီဂျုန်ဘုရင်ကြီးအဖြစ် သရုပ်ဆောင်၍ မင်းသားဂျန်ဟော့က ဘုရင့်အမှုထမ်းတစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားကို ၂၀၀၉ ခုနှစ်က ထုတ်လွှင့်ပြသခဲ့သည့်Queen Seondeok နှင့် ၂၀၀၈ ခုနှစ်က ထုတ်လွှင့်ပြသခဲ့သည့် Painter of the Wind ရာဇဝင်ဇာတ်ကားများကို ဇာတ်ညွှန်းရေးသားခဲ့သူ ကင်ယန်းဟွန်နှင့် ပက်ဆန်ဟွန်တို့က ပူးတွဲ၍ ဇာတ်ညွှန်းရေးသားခဲ့ပြီး ယခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

စင်စီဂျီယောင်

ဂျီယောင်သည် မကြာသေးမီက Blue Salt အမည်ရှိ စိတ်ကူးယဉ် အချစ်ဇာတ်လမ်းကို ရိုက်ကူးပြီးသွားသကဲ့သို့ ကိုရီးယားနာမည်ကြီး အဆိုတော်မင်းသားရိန်းနှင့် Take Off: Closer to the Sun ဇာတ်ကားကိုလည်း ရိုက်ကူးထားပြီးဖြစ်သည်။ *အင်တာနက်။*

ဘရက်ပစ်နှင့် အင်ဂျလီနာဂျိုလီ ပူးတွဲသရုပ်ဆောင်ရန် စီစဉ်နေ

ကမ္ဘာကျော် ဟောလိဝုဒ်မင်းသား ဘရက်ပစ်က သူ၏ဇနီးချော အင်ဂျလီနာဂျိုလီနှင့် ပူးတွဲ၍ ဇာတ်ကားတစ်ကား ရိုက်ကူးရန် စီစဉ်နေကြောင်း ထုတ်ဖော်ပြောကြားသည်။

၂၀၀၅ ခုနှစ်က ၎င်းတို့နှစ်ဦး ပူးတွဲသရုပ်ဆောင်ရိုက်ကူးခဲ့သော Mr and Mrs Smith ဇာတ်ကားမှာနာမည်ကျော်လူကြိုက်များခဲ့သကဲ့သို့ ယင်းဇာတ်ကားသည် ၎င်းတို့နှစ်ဦး အကြင်လင်မယားဘဝသို့ ရောက်ရှိစေခဲ့သော အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ခဲ့သည်။

ယခုအခါ ၎င်းတို့ဇနီးမောင်နှံနှစ်ဦးသည် ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော ကန်းရုပ်ရှင်ပွဲတော်သို့ အတူတကွ တက်ရောက်လာခဲ့ပြီး မင်းသားဘရက်ပစ်က သူရိုက်ကူးခဲ့သော The Tree of Life ဇာတ်ကား အရောင်းမြှင့်တင်ရေးပြုလုပ်နေသကဲ့သို့ အင်ဂျလီနာဂျိုလီကလည်း သူမ၏ ကာတွန်းကား ကွန်ဖူးပန်ဒါ ၂ ကို အရောင်းမြှင့်တင်ရေးပြုလုပ်လျက်ရှိသည်။

အင်တာနက်။

ဘရက်ပစ်နှင့် အင်ဂျလီနာဂျိုလီ

Latter Day Saint Charities မှ Country Director Mr.Dale Gilman Simpson Jr က လူမှုဝန်ထမ်းဦးစီးဌာနသို့ အသုံးပြုရန်အတွက် ဘီးတပ်ကုလားထိုင် အစီး ၅၀ ကိုပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ လက်ခံစဉ်။
(သတင်းစဉ်)

ဟသ်ာတမြို့နယ် ထိန်ကုန်းကျော် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

နေပြည်တော် မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ထိန်ကုန်းကျော် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၁၇ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းရှေ့၌ ကျင်းပရာ ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ ကျောင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ကျော်သာကုမ္ပဏီမှ ဦးဝင်းလွင်က ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၁၉

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)၏ လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို မေ ၁၈ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ရှိ ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းက သင်ကြားရေး၊ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ သိရှိလိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ သက်ဆိုင်ရာ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများက ဝိုင်းဝန်းဆွေးနွေးကြပြီး ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့က မေ ၂၉ ရက်တွင် ဆိုင်ကယ်စီးနင်းသူများလိုက်နာရန် စည်းကမ်းချက်များကို မြို့ပေါ် ၃၁ ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ရှင်းလင်းပြောကြားပြီး ရပ်ကွက်တွင်း ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့် အိတ်ဆောင်စာအုပ်များကို ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များ လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလ ကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိပြီ ဖြစ်သည်။ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည် ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလများတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည် ဖြစ်သည်။

မြစ်ရေတက်လာမှုပေါ်မူတည်၍ ဤဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာ နိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထား လိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီး၊ ပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြုမောင်းနှင်ကြရမည် ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ရေအနက်မလုံလောက်သည့် ရေမြှုပ်ပေါက်ဖြတ်လမ်းများအား အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အဝင်ရေလမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့်အပေါက်၌ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး မဝင်ရမည့်အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများအား အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီဖြစ်ပြီး ရေလယ်တိုင် နှစ်ခုကြား၌ ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်း စနစ်များအား ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင် ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင် ဝန်အားနှင့် စက်အားကို အထူး ချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများအား ဖြတ်သန်းရာတွင် တွဲနှစ်တွဲ ဖြင့် ဖြတ်သန်းခြင်းမပြုလုပ်ဘဲ တွဲတစ်တွဲချင်းဖြင့်သာ ဖြတ်သန်းကြရန် လိုအပ်သည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ် မဖြစ်စေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် သတိပေးနှိုးဆော်လိုက်သည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား တရုတ်ဖွံ့ဖြိုးရေးဘဏ် ယူနန်ဘဏ်ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ဖွံ့ဖြိုးရေးဘဏ် ယူနန်ဘဏ်ခွဲဥက္ကဋ္ဌ Mr. Deng Ting Duo နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ဖွံ့ဖြိုးရေးဘဏ် ယူနန်ဘဏ်ခွဲ ဥက္ကဋ္ဌ Mr.Deng Ting Duo နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဌာနဆိုင်ရာဘာသာရပ်သင်တန်းဖွင့်

နေပြည်တော် မေ ၁၉

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ဌာနဆိုင်ရာဘာသာရပ်သင်တန်းအမှတ်စဉ်(၁/၂၀၁၁)ဖွင့်ပွဲကို မေ ၁၅ ရက် နံနက် ၈ နာရီတွင် မကွေးမြို့ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်ကြားပို့ချ

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်း ၂၀ တို့ တက်ရောက်ကြပြီး သင်တန်းကို မေ ၁၆ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလေး၌ တိရစ္ဆာန်ရောဂါကာကွယ်ရေး ဟောပြော

ကလေး မေ ၁၉

မေ ၁၈ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကလေးမြို့နယ်ရုံး ဇာတိမာန်ခန်းမ၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးနှင့် မြို့နယ်တွင်း မွေးမြူရေးလုပ်ငန်းရှင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများတွေ့ဆုံ၍ ပညာပေးဟောပြောပွဲကျင်းပရာ ကလေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်က အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာသန်းထိုက်က တိရစ္ဆာန်များတွင် အဖြစ်များသော ရောဂါများဖြစ်သော ကျွဲနွား ထောင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ခွာနာလျှာနာရောဂါများ၊ ကြက်လည်လိမ်ရောဂါ၊ ကြက်ဝမ်းကျရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါတို့၏လက္ခဏာ၊ ကူးစက်မှုအန္တရာယ် ကာကွယ်ကုသနည်းများအကြောင်း ရှင်းလင်းဟောပြောကာ ကလေးမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းအောင်က ဝက်နားရွက်ပြာရောဂါအကြောင်းကို ဟောပြောကြောင်း သိရသည်။

(၂၁၄)

နေပြည်တော် ကောင်စီဝင် ဒေါက်တာပိုင်စိုး မေ ၉ ရက် က ခုတင် (၅၀)ဆံ့ ဇေယျာ သီ ရိ မြို့နယ် ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကုန်သည်/စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ပြည်ပကိုယ်စားလှယ်များအဖွဲ့ တွေ့ဆုံ

ရန်ကုန် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer၊ စီးပွားရေးသံမှူး Mr.Tzahi Selzer နှင့် စီးပွားရေးလုပ်ငန်းရှင်လေးဦးတို့သည် မေ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိရေး၊ အထွက်နှုန်းတိုးတက်ရေးကိစ္စများအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာကိစ္စ၊ သတင်း၊ နည်းပညာနှင့်ဆက်သွယ်မှုလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ နည်းပညာဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပူးပေါင်းကျင်းပနိုင်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။

အလားတူ မလေးရှားနိုင်ငံ Tan Chong Group of Companies မှ အကြံပေးပုဂ္ဂိုလ် Dato's Chein Sam Kip သည် မွန်းလွဲပိုင်းတွင် လာရောက်တွေ့ဆုံပြီး မော်တော်ယာဉ်ပြုပြင်မှုလုပ်ငန်းများ မြန်မာနိုင်ငံ၌ ဆောင်ရွက်လုပ်ကိုင်ရန် စီစဉ်နေသည့်ကိစ္စ၊ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ၂၀၁၁-၂၀၁၂ စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၆ ရက်က ညောင်လေးပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟာစိုး ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာများအလိုက် စီမံကိန်းတာဝန်များပေးအပ်စဉ်။ (၅၆၈)

မြေရေစစ်အိုးများအသုံးပြုခြင်းဖြင့် ပိုးမွှားကင်း၍ သန့်ရှင်းသော ရေကိုရရှိနိုင်

ရန်ကုန် မေ ၁၉

သန့်ရှင်းသည့် သောက်သုံးရေသည် အနည်အမှုန်ကင်းခြင်း၊ အရောင်အဆင်းအနံ့အရသာ ကင်းခြင်းအပြင် ကျန်းမာရေးကို ထိခိုက်စေသော ပိုးမွှားများနှင့် ဓာတ်သတ္တုများကင်းခြင်း စသည့်အချက်များနှင့် ပြည့်စုံရန်လိုကြောင်း သိရသည်။

ထို့ကြောင့် ရေနှင့်ပတ်သက်သော အသိပညာပေးသင်တန်းများပေးခြင်း၊ မြေရေစစ်အိုးထုတ်လုပ်မှု နည်းပညာပေးခြင်း၊ မြေရေစစ်အိုး ထုတ်လုပ်ရာတွင် လိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် မြေရေစစ်အိုး အရည်အသွေးထိန်းသိမ်းရေး ဆောင်ရွက်ပေးခြင်းတို့ကို Activities of Thirst-Aid Myanmar က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

မြေရေစစ်အိုးများသည် သန့်ရှင်းသည့်သောက်သုံးရေကို ရရှိသည့်အပြင် အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ရာတွင် လွယ်ကူခြင်း၊ မသန့်ရှင်းသောရေကြောင့် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက် စသည့် ရောဂါများ ကာကွယ်နိုင်ခြင်း၊ ရေကို ကျိုချက်သောက်ရန် မလိုသည့်အတွက် အချိန်ကုန်၊ ထင်း၊ မီးသွေးကုန်၊ ငွေကုန်သက်သာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

မြေရေစစ်အိုး ထုတ်လုပ်မှုနည်းပညာ ရယူလိုသူများ၊ မြေရေစစ်အိုး တစ်လုံးချင်းဝယ်ယူလိုသူများနှင့် အဖွဲ့အစည်းအနေဖြင့် ဝယ်ယူလှူဒါန်းလိုပါက Thirst-Aid အမှတ် (၄၉၇)၊ အခန်း (၃၀၁) တာဝါ (A) ဒိုင်းမွန်းကွန်ဒို ပြည်လမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၂၃၉၃၀၊ ၅၂၃၉၃၇၊ (လိုင်းခွဲ-၂၃၀၁)နှင့် ၀၉-၅၀၀၆၀၆၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၀	၃။	အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၅။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀	၇။	အတီးပြိုင်ပွဲ
၈း၃၀	၈။	"သတိတစ်ချက် တစ်သက်အမှား"
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အကပြိုင်ပွဲ
၄း၃၀	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(အင်္ဂလိပ်စာမှလွဲ၍ အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၄း၅၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၇။	နှောင်းခေတ်တေးပဒေသာ
၅း၁၀	၈။	မြန်မာစာမြန်မာစကား
၅း၂၅	၉။	"နိုင်ငံတကာနျူကလီးယား စွမ်းအင်များ"
၅း၃၅	၁၀။	ရိုးသားဖြူစင်ကလေးတို့အသွင်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ)(အပိုင်း-၃၄)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	"လျှပ်တစ်ပြက်ဟာသများ"
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ထူးခြားသောမိသားစု" (အပိုင်း-၁၈)**
	၂၀။	**သီချင်းချစ်သူ**
	၂၁။	အစီအစဉ်ပြီး၏။

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မြန်မာနိုင်ငံ ပြန်တမ်း

နေပြည်တော် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

	အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့် ရာထူး၊ ဌာန**
(၁)	ဗိုလ်မှူးကြီးထွန်းလှအောင် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန
(၂)	ဦးဇော်မင်းဦး အထွေထွေမန်နေဂျာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန
(၃)	ဦးကျော်မြင့်လှိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဆည်မြောင်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဆည်မြောင်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စက်မှုဇုန်များရှိ မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းရှင်တို့၏ တွေ့ဆုံပွဲကို အမှတ်(၂) စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

စက်မှုဇုန်များရှိ လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်စီးပွားရေးအရ နိုင်ငံတော်ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများ၏ဘဝမြှင့်တင်ရေးတို့အတွက် အမျိုးသားရေးတာဝန်အဖြစ် ခံယူဆောင်ရွက်

နေပြည်တော် မေ ၁၉

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စက်မှုဇုန်များရှိ မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းရှင်တို့၏ တွေ့ဆုံပွဲကို မေ ၁၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ ကော်မတီအဖွဲ့ဝင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စက်မှုဇုန်များတွင် မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းရှင် ၂၃၈ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန် ၁၈ ဇုန်ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့သည့် ရည်ရွယ်ချက်၊ ၂၀၀၁ ခုနှစ်မှစ၍ မော်တော်ယာဉ်ထုတ်လုပ်မှု နည်းပညာရရှိစေရေးအတွက် ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းအား စတင်ဆောင်ရွက်စေခဲ့သည့် ရည်ရွယ်ချက်များကို မမေ့ပျောက်စေရန်နှင့် အကောင်အထည်ဖော်ရန်တို့ကို မှာကြားသည်။

ထို့ပြင် နိုင်ငံတော်အနေဖြင့် စက်မှုနိုင်ငံဖြစ်စေရေးအတွက် လမ်းကြောင်းမှန်၊ ချဉ်းကပ်နည်းမှန်ဖြင့် စဉ်ဆက်မပြတ် တိုက်တွန်းနှိုးဆော်နေမှုကို လုပ်ငန်းရှင်များအနေဖြင့် လေးလေးစားစား လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့်လည်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စက်မှုဇုန်များရှိ လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်စီးပွားရေးအရ နိုင်ငံတော်ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ဘဝမြှင့်တင်ရေးတို့အတွက် အမျိုးသားရေးတာဝန်အဖြစ် ခံယူဆောင်ရွက်သွားရန်၊ မိမိ၏ ကိုယ်ကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားကို ချိန်ဆမျှတစွာ ဆောင်ရွက်သွားရန်လည်း တိုက်တွန်းမှာကြားခဲ့သည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး၌ ပုဂ္ဂလိကများ၏ ထုတ်လုပ်မှုဆောင်ရွက်ချက် အခန်းကဏ္ဍသည် အရေးပါသည့်နေရာတွင် ပါဝင်နေသည့်အတွက် ပုဂ္ဂလိက စက်မှုကဏ္ဍ တိုးတက်လာစေရန် ကော်မတီအနေဖြင့် ဆပ်ကော်မတီများအား ထပ်မံဖွဲ့စည်းသွားပြီး လိုအပ်သည့် နည်းပညာ၊ ငွေရေးကြေးရေးနှင့် အခြားလိုအပ်သည့် အကူအညီရရှိရေးတို့အတွက် တစိုက်မတ်မတ် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးအောင်က နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိနေသည့် မော်တော်ယာဉ်ထုတ်လုပ်ပုံနည်းစနစ်များ၊ ပြည်တွင်း၌ ဆောင်ရွက်သင့်သည့် မော်တော်ယာဉ်ထုတ်လုပ်ပုံအမျိုးအစားနှင့် နောင်အနာဂတ်အတွက် စက်မှုဇုန်များမှ မော်တော်ယာဉ် ထုတ်လုပ်မှုနှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ဓာတ်အားလိုင်းသစ်ဆွဲမည့်နေရာနှင့် ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၁၅ ရက် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရပ်စောက်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနေမှု၊ ၆၆ ကေဗွီ ဇော်ဂျီ-အောင်သပြေ ဓာတ်အားလိုင်းမှ ဓာတ်အားကို in-out ပြုလုပ်၍ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ပြီး ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်သို့ ၆၆ ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးမည့် ခွဲရုံတည်ဆောက်ရန်နေရာကို ကြည့်ရှုစစ်ဆေးပြီး ၂၃၀ ကေဗွီ ကလောပင်မဓာတ်အားခွဲရုံ Switch Yard ၌ ဓာတ်အားလက်ခံမှု၊ ဖီဒါအလိုက် ဓာတ်အားပို့လွှတ်မှု၊ 132 KV,10 MW Shunt Reactor နှစ်လုံးနှင့် Switch Bay တည်ဆောက်ပြီးစီးမှု၊ 18 MVA Transformer 132 KV Side GCB တပ်ဆင်ခြင်းနှင့် Control Panel လဲလှယ်တပ်ဆင်မှု၊ 66 KV Main OCB အား GCB ဖြင့် အစားထိုး လဲလှယ်တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၆ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အောင်သပြေဓာတ်အားခွဲရုံ၌ ဖီဒါအလိုက် ဓာတ်အားပို့လွှတ်မှုကိုလည်းကောင်း၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမှ ရွာငံသို့ 33 KV ဓာတ်အားလိုင်းသစ်ဆွဲမည့် နေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ အင်းကုန်း ပင်မဓာတ်အားခွဲရုံတွင် ကင်းတားလိုင်းနှင့် ဘဲလင်းလိုင်းတို့မှ ဓာတ်အားလက်ခံမှု၊ ဖီဒါ ခုနစ်ခုဖြင့် ဆေးဝါးစက်ရုံ၊ ဝါနှင့်ချည်စက်၊ ဆက်သွယ်ရေး၊ စက်မှု(၁) စက်ရုံကြီးများ၊ ဆင်မင်းဘိလပ်မြေစက်ရုံ၊ စက်မှုလယ်ယာနှင့် ကျောက်ဆည်မြို့တွင်းသို့ ဓာတ်အားဖြန့်ဖြူးနေမှု၊ 20 MVA Transformer တိုးချဲ့ရန် ကင်းတား-ဘဲလင်း ဓာတ်အားလိုင်းမှ မြစ်သားသို့ 33 KV လိုင်း ပို့လွှတ်နိုင်ရေး Switch Bay တည်ဆောက်ရန် နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ဝဲကြီးဝတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် မြောင်းမြခရိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မေ ၁၈ ရက် နံနက် ၈ နာရီ ၅၅ မိနစ်တွင် မြောင်းမြခရိုင် အိမ်မဲမြို့နယ်ရှိ ဝဲကြီးဝတံတားတည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝါးခယ်မမြို့နယ် ဦးကြီးတော်ကျေးရွာ ကွင်းအမှတ်(၉၀၄)၌ ကျင်းပသော ဝါးခယ်မမြို့နယ် လယ်ယာကုန်ထုတ်အသင်း၏ မိုးစပါးစုပေါင်းထွန်ယက်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဝါးခယ်မမြို့ ရွှေခယ်သီရိအားကစားခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ယင်းနောက် ခုတင်(၅၀)ဆံ့ ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှု ခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခဲ့ပြီး ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝါးခယ်မမြို့နယ် ဒေါ်ပိုက်မိဘိုးဘွားရိပ်သာရှိ အိပ်ဆောင်များ၊ စားသောက်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘိုးဘွားများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

မြိတ်မြို့၌ သုတပန်းခင်းစာကြည့်တိုက် ဖွင့်လှစ်

နေပြည်တော် မေ ၁၉

မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု အထူးဆိပ်ကျေးရွာ၌ သုတပန်းခင်း စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီတွင် အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချို တို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ၁၉ လက်မရောင်စုံ ရုပ်မြင်သံကြားစက်နှင့် ရေဒီယိုတို့ကိုလည်းကောင်း၊ အလှူရှင်များက အလှူငွေများနှင့် သုတ/ရသ စာအုပ် စာစောင်များကိုလည်းကောင်း လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကျေးရွာစာကြည့်တိုက်များအတွက် ဂျာနယ်မျိုးစုံလှူဒါန်း

သာစည် မေ ၁၉

ကျေးလက်ပြည်သူများ အသိဉာဏ်ဗဟုသုတတိုးပွားစေရေး၊ စာပေဖတ်ရှုလေ့လာနိုင်ရေးတို့အတွက် ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို မေ ၃ ရက် နံနက် ၁၀ နာရီက သာစည်မြို့နယ် ပြန်/ဆက် ဦးစီးဌာန စာဖတ်ခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၄) နယ်မြေမြို့မရပ်နေ ရွှေနဂါးကုမ္ပဏီလီမိတက်မိသားစုကိုယ်စား ဒါရိုက်တာ ဦးဘဇံက မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် ဖြန့်ဝေပေးပို့နိုင်ရန် ဂျာနယ်မျိုးစုံ အုပ်ရေ ၂၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ရွှေနဂါးကုမ္ပဏီလီမိတက်မိသားစုသည် သာစည်မြို့နယ်အတွင်းရှိ ကျေးလက်စာကြည့်တိုက်များသို့ ဂျာနယ်မျိုးစုံကို နှစ်လတစ်ကြိမ် လာရောက်လှူဒါန်းလျက်ရှိရာ ယခုလှူဒါန်းမှုသည် (၈) ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

(၄၂၅)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်ထံ အလှူရှင် ဦးသန်းဝင်း (မင်းယဉ်စု) က ငွေကျပ် ၅၁၇၅၀၀ တန်ဖိုးရှိ မဂ္ဂဇင်း၊ စာစောင် ၄၁၈ အုပ် ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဗုဒ္ဓပရိတ်တော်များအကြောင်း စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၉

ဗုဒ္ဓပရိတ်တော်များအကြောင်း International Conference on The Tradition of Buddhist Protective Chanting (Paritta) စာတမ်းဖတ်ပွဲကို မေ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများမှ ပညာရှင်ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များက စာတမ်းများ ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့တော်ဝင်ကျွန်းသစ်ကို မတိမ်ကောမပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်ရန် ပုဂ္ဂလိကကျွန်းနှင့် သစ်မာမျိုးစုံ စိုက်ခင်းများ တည်ထောင်ခွင့်ပြုလျက်ရှိ

နေပြည်တော်　　မေ　၁၉

ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနရုံး အင်ကြင်းခန်းမ၌ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက နိုင်ငံတော်အတွင်း ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တိုးတက်တည်ထောင် ဆောင်ရွက်ရာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်၊ တည်ထောင်ပြီးစိုက်ခင်းများကို စနစ်တကျ ပြုစုထိန်းသိမ်းအောင်မြင်ဖြစ်ထွန်းရန်နှင့် အခက်အခဲအားနည်းချက်များကို ဖော်ထုတ်ဖြေရှင်းရန်အတွက် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိက ကုမ္ပဏီ/လုပ်ငန်းရှင်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ပြီး နည်းလမ်းကောင်းများ၊ ထိရောက်သည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း၊

နိုင်ငံတော်အတွင်း ပုဂ္ဂလိကသစ်တောကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်သူလူထု သစ်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရန်၊ မြန်မာ့တော်ဝင်ကျွန်းသစ်ကို နောင်သားစဉ်မြေးဆက် မတိမ်ကောမပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်ရန်နှင့် ဒေသအလိုက် သဘာဝအလျောက် ပေါက်ရောက်ဖြစ်ထွန်းသည့် သစ်မျိုးများ စိုက်ပျိုးတည်ထောင်ခြင်း အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်ချက်များ ချမှတ်၍ သစ်တောရေးရာဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများတွင် ပုဂ္ဂလိကကျွန်းနှင့် သစ်မာမျိုးစုံ စိုက်ခင်းများ တည်ထောင်ခွင့်ပြုလျက်ရှိကြောင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးတည်ထောင်နိုင်ခြင်းဖြင့် တည်ထောင်လုပ်ကိုင်သူများအတွက် စီးပွားရေးအကျိုးအမြတ် များပြားလာသည်သာမက ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ လျော့နည်းစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားထည့်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်သည့် ကုမ္ပဏီ/ လုပ်ငန်းရှင်များက စာတမ်းလေးစောင်၊ သစ်တောဦးစီးဌာနက စာတမ်းလေးစောင် စုစုပေါင်း စာတမ်းရှစ်စောင် ဖတ်ကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် အဖွဲ့သုံးဖွဲ့ခွဲ၍ အဖွဲ့(၁)က ပုဂ္ဂလိက ကျွန်းစိုက်ခင်းများ စိုက်ပျိုးပြုစုခြင်းနှင့် စီမံအုပ်ချုပ်မှုနည်းလမ်းများကို လည်းကောင်း၊အဖွဲ့(၂)က ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခြင်း စည်းမျဉ်းစည်းကမ်းများနှင့် အခွင့်အရေးများကိုလည်းကောင်း၊ အဖွဲ့(၃)က ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ထုတ်လုပ်အသုံးချရေး၊ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အလားအလာများကိုလည်းကောင်း အဖွဲ့လိုက်ဆွေးနွေးခြင်း၊ ရလဒ်များကို ပြန်လည်တင်ပြခြင်း၊ ရလဒ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်၊ အကြံပြုချက်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ပြီး ကွင်းဆင်းလေ့လာရေး ခရီးစဉ်များအပါအဝင် မေ ၂၁ ရက်အထိ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ပုဂ္ဂလိက သစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သဘာဝဘေး စီမံခန့်ခွဲမှုသင်တန်းဖွင့် စီမံကိန်းရည်မှန်းချက် တာဝန်ပေး

နေပြည်တော်　　မေ　၁၉

ရခိုင်ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်း(၃/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ မဟာပညာကျော်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ရှိ ၁၇ မြို့မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲသို့ တက်ရောက်၍အမှာစကားပြောကြားကာ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ကားပေါ်မှပြုတ်ကျငွေထုပ် လမ်းပေါ်တွင်ပြန့်ကျဲ တောမဈေးမှလူအများ အလုအယက်ကောက်ယူ

မိတ္ထီလာ　　မေ　၁၉

မိတ္ထီလာမြို့နယ် မိတ္ထီလာ-သာစည်ကားလမ်း တောမဈေးတန်းရှေ့တွင် မေ ၁၃ ရက် ညနေ ၃ နာရီတွင် အနောက်မှအရှေ့သို့ လိုက်ထရပ်အဖြူရောင်ကား တစ်စီးဖြတ်သန်းသွားစဉ် ကားပေါ်မှ ပလတ်စတစ်အနက်ဖြင့် အထုပ်ကြီးတစ်ထုပ်ကျကျန်ရစ်ခဲ့သည်။ ကားပေါ်မှ အထုပ်ကျစဉ် အထုပ်ကြီးမှာ အရှိန်ဖြင့် ပေါက်ပြဲသွားကာအတွင်းမှ တစ်ထောင်တန်ငွေစက္ကူများ ကားလမ်းပေါ်တွင် ပြန့်ကျဲသွားခဲ့သည်။ ကားမှာအထုပ်ကျကျန်ရစ်သည်ကို မသိဘဲ ဆက်လက်မောင်းထွက်သွားခဲ့သည်။

ကားလမ်းပေါ်တွင် ငွေစက္ကူများ ပြန့်ကျဲနေသဖြင့် တောမဈေးတန်းရှိ လူအများ ငွေစက္ကူများကို အလုအယက်ကောက်ယူကြပြီး အနီးဆုံးတွေ့သည့်လူများက ငွေစက္ကူအထပ်လိုက် ကောက်ယူသွားကြသည်။ ကားမှာ ၁၅ မိနစ်ခန့်အကြာတွင် ပြန်ရောက်လာပြီး တောမကျေးရွာအုပ်စု ထမုန်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်များအကူအညီဖြင့် ငွေကောက်ရသူများထံ ပြန်လည်မေတ္တာရပ်ခံတောင်းယူရာ ငွေကျပ်နှစ်သိန်းကျော်ပြန်ရခဲ့သည်ဟု ဆိုသည်။

ငွေထုပ်ပိုင်ရှင်မှာ မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်မှ လုပ်ငန်းရှင်အမျိုးသမီးတစ်ဦးဖြစ်ပြီး ထိုနေ့က ငွေကျပ်သိန်း ၄၀ကို လှိုင်းတက်လုပ်ငန်းရှိ အလုပ်သမားများအား ငွေရှင်းပေးရန် သွားရောက်စဉ် ယခုကဲ့သို့ငွေထုပ်ကျကျန်ရစ်ရာမှ ငွေများကျကျန်ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(၁၁၁)

လောင်းကစားသူ လေးဦးဖမ်းမိ၊ ပြစ်ဒဏ်များချမှတ်

စစ်ကိုင်း　　မေ　၁၉

စစ်ကိုင်းမြို့ ဒါးဝယ်ဈေးတိုက်နယ် မြောက်ဘော်ကာရပ်ကွက်ရှိ မင်းသန့်ဘိလိယက်ခုံအား ဒုတိယရဲအုပ်မျိုးဝင်းနှင့် တာဝန်ရှိသူများက သတင်းအရဝင်ရောက်ရှာဖွေရာ ဖဲကစားနေသူလေးဦးကို လောင်းကြေးငွေ လေးသောင်းကိုးထောင်နှင့်အတူ ရှာဖွေဖမ်းဆီးရမိခဲ့သည်။

ယင်းအမှုကို မြို့နယ်တရားရုံးမှ အထောက်အထားခိုင်လုံသဖြင့် မေ ၁၂ ရက်တွင် မင်းသန့်(ဘ)ဦးမြင့်ကြည် အသက်(၃၈)နှစ်အား ထောင်ဒဏ် ရှစ်လ၊ ၁၄(က)အရ အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်ခြောက်လ တစ်ပေါင်းတည်းကျခံစေရန်နှင့် ယဉ်မင်းထွန်း(ဘ)ဦးချစ် အသက်(၃၃)နှစ်အား (ပ)၁၂၂/၁၁ လကစ ၁၃(က)အရ အလုပ်နှင့် ထောင်ဒဏ် ရှစ်လ၊ ညွန့်မင်းရောင် (ဘ)ဦးသန်းညွန့် အသက်(၄၂)နှစ်အား (ပ)၁၂၂/၁၁ လကစ ၁၃(က)အရ အလုပ်နှင့်ထောင်ဒဏ်ရှစ်လ၊ မောင်စိုး(ဘ)ဦးအုန်းမောင် အသက်(၃၃)နှစ်အား (ပ)၁၂၂/၁၁ လကစ ၁၃(က)အရ အလုပ်နှင့် ထောင်ဒဏ်ရှစ်လ အသီးသီးအမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။(၅၃၁)

သစ်ပင်စိုက်ပါဒို့ကမ္ဘာ　သာယာလှပ　စိမ်းမြမြ

ငါ့နှမလေးပွဲသွားပြီ ဇာတ်ကားသစ် ရုံတင်မည်

ရန်ကုန်　မေ　၁၉

မြန်မာရုပ်ရှင်ချစ်ပရိသတ်များအတွက် ယခုအပတ်ရုံတင်ပြသမည့် မြန်မာရုပ်ရှင်ဇာတ်ကားသစ်မှာ ပြည့်ဖြိုးမြတ်ရုပ်ရှင်ဖြန့်ချိရေးမှ မောင်လွင်(မြင်းမူ)၏ ဇာတ်ညွှန်းကို လူငယ်ဒါရိုက်တာ ခတ်ပုံအဏ်ထော်ဏီ (မော်လမြိုင်) ရိုက်ကူးသည့် ငါ့နှမလေးပွဲသွားပြီ ဇာတ်ကားဖြစ်သည်။ ယခုနှစ်ဆန်းပိုင်းမှစ၍ ရုံတင်ပြသသည့် မြန်မာရုပ်ရှင်ကားအများစုမှာ ဟာသကားများသာ ဖြစ်ပေရာ ယခုရုံတင်ပြသမည့် ဇာတ်ကားမှာလည်း ဟာသဇာတ်ကားကို ပုံစံအသွင်တစ်မျိုးဖြင့် ရိုက်ကူးထားခြင်းဖြစ်သည်။ ဇာတ်လမ်းမှာ သမီးနှစ်ယောက်ရှိသည့် ကုမ္ပဏီပိုင်ရှင်သူဌေးကြီးနှင့် သမီးများကို လူငယ်သဘာဝ ပိုးပန်းလိုကြသည့် လူငယ်ဝန်ထမ်းများအကြား ပဋိပက္ခများကို ဟာသရှုထောင့်မှ ရိုက်ကူးပြသထားရာ စိတ်အပန်းဖြေ ဟာသရုပ်ရှင်ကား ကြည့်လိုသည့် ပရိသတ်ကြီး အကြိုက်တွေ့မည့် ဇာတ်ကားတစ်ကားဖြစ်သည်။

မင်းမော်ကွန်း၊ ခန့်စည်သူ၊ စိုးမြတ်သူဇာ၊ စိုးပြည့်သဇင်၊ JENNY၊ ပွင့်၊ ပြည့်စုံအောင်၊ ဇေယျာနိုင်တို့နှင့်အတူ ဟာသသရုပ်ဆောင်များ ဖြစ်ကြသည့် မေတ္တာ၊ မော့စ်၊ မိုးဒီ၊ ဇင်မျိုး၊ ညီဂျော်၊ ငြိမ်းချမ်း၊ ဝက်မ၊ တက္ကသိုလ်ဂွမ်းပုံ၊ ကစ်ကစ်၊ ဂွမ်းပုံကြီးနှင့် မတူးတို့ ခေါင်းဆောင်ပါဝင်ကြကာ သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်း၊ Top ROYAL (ပါရမီ)၊ မန္တလေးဝင်းလိုက်နှင့် မြို့မရုံတို့တွင် တစ်ပြိုင်တည်းပြသမည် ဖြစ်သည်။

သူထူးစံ၊ မိုးအောင်ရင်၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်၊ မယ်လိုဒီတို့၏ အလန်းဇယားမှာ မြို့လယ်ရုံကြီးများတွင် ရုံရက်ကုန်၍ အခြားရုံများသို့ ပြောင်းလဲပြသရာ မြို့လယ်ဝဇီရာ၊ စံပြ၊ ရွှေမန်းနှင့် သီတာရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ဒီဗွီဒီဇာတ်ကား ကြည့်ရှုလိုသည့် ပရိသတ်များအတွက်မူ ရန်အောင်၊ လူမင်း၊ မယ်လိုဒီ၊ စိုးပြည့်သဇင်၊ အေးသင်ချိုဆွေတို့ ပါဝင်သည့် တင့်တောင်းတင့်တယ် တူတူတန်တန် ဒီဗွီဒီဇာတ်ကားကို အင်းစိန်မဟာမြိုင်နှင့် နဝဒေးရုံများတွင် ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နိုင်ငံခြားရုပ်ရှင်ကြည့် ပရိသတ်များအတွက် ယခုအပတ်ရွှေ့ဆောင်ရုံတွင် I AM NUMBER FOUR ဇာတ်ကားသစ် ရုံတင်မည်ဖြစ်သည်။ ၎င်းတို့အား သတ်ဖြတ်လိုသည့် ရန်သူများလက်မှ လွတ်မြောက်ရန် ထွက်ပြေးနေရသော လူငယ်လေးဦးအနက်မှ နောက်ဆုံးကျန်ရှိသည့် လူငယ်တစ်ဦး၏ စွန့်စားခန်းဇာတ်ကားကို အထူးပြုရိုက်ချက်များဖြင့် ရိုက်ကူးထားသည့် သိပ္ပံဆန်းကြယ် စွန့်စားမှုဇာတ်လမ်းဖြစ်သည်။

နေပြည်တော်ရုံတွင် ပြသမည့် THOR ဇာတ်ကားမှာမူ အေဒီ- ၉၆၅ ခုနှစ် ရှေးဟောင်းဒဏ္ဍာရီလာတန်ခိုးရှင်စစ်ဘုရင်များအချင်းချင်း လက်နက်ဆန်းများအသုံးပြုပြီး စစ်ခင်းကြပုံကို လူသားကမ္ဘာနှင့် ပရလောက ကမ္ဘာနှစ်ခု ပေါင်းစပ်ပြီး ထူးဆန်းအံ့ဩဖွယ်ရာ ပြကွက်များဖြင့် ရိုက်ကူးထားသည့် အက်ရှင်ဇာတ်ကြမ်းကားဖြစ်သည်။

ငါ့နှမလေးပွဲသွားပြီဇာတ်ကားမှ မင်းမော်ကွန်းနှင့် စိုးပြည့်သဇင်။

I AM NUMBER FOUR မှ ဇာတ်ဝင်ခန်း တစ်ခန်း။

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

2011 MERCEDES TROPHY MASTERS FINAL

ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသော မြန်မာဂေါက်သီးရိုက်အသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၁၉

မေ ၁၀ ရက်မှ ၁၃ ရက်အထိ ထိုင်းနိုင်ငံ ROSE GARDEN COUNTRY CLUB ၌ ကျင်းပခဲ့သော 2011 MERCEDES TROPHY MASTERS FINAL ဂေါက်သီးရိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာဂေါက်သီးရိုက်အသင်းသည် မေ ၁၄ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အမျိုးသား(၁၈)နှစ်အောက်ပြိုင်ပွဲတွင် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းမှ ကောင်းထူးအောင်က တတိယဆုရရှိပြီး စည်သူရဲရင့်က ပဥ္စမနေရာ ရရှိခဲ့သည်။

အမျိုးသားသက်တမ်းအလိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းမှ ဝေယံလင်းနှင့် သန်းထွန်းအောင်တို့က Most Improvement Player ဆုများကို ရရှိခဲ့ကြသည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းကို ဦးမျိုးထွန်းက ခေါင်းဆောင်ပြီး အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦးနှင့် လူငယ်ဂေါက်သီးရိုက်အားကစားသမား ၂၁ ဦး သွားရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟော်ကီပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပတ်လည်အမှတ်ပေး ဟော်ကီပြိုင်ပွဲကို သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ယနေ့ဆက်လက်ကျင်းပရာ ပထမပွဲစဉ်တွင် SMART YOUTH က GATI COAST TO COAST အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် ယနေ့ပွဲစဉ် အနိုင်ရသဖြင့် နောက်ဆုံးပွဲစဉ်အဖြစ် တစ်ပွဲကစားရန် ကျန်သေးသော်လည်း ယှဉ်ပြိုင်ပြီး ပွဲစဉ်အားလုံး အနိုင်ရရှိသဖြင့် ချန်ပီယံဖြစ်သွားပြီဖြစ်သည်။

မေ ၂၁ ရက် ယှဉ်ပြိုင်ကစားမည့် ကက(ရေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း၊ ကက(လေ)နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုများအပေါ်မူတည်၍ ဒုတိယ၊ တတိယအသင်းများ ပေါ်ထွက်လာမည်ဖြစ်သည်။ ဆုပေးပွဲကို မေ ၂၁ ရက် ပွဲစဉ်များအပြီးတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(၁၉)

ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းသို့ ပထမဂိုးသွင်းယူစဉ်။ (၁၉)

ထိုင်းနိုင်ငံ၌ ကျင်းပသော 2011 MERCEDES TROPHY MASTERS FINAL ဂေါက်သီးရိုက်ပြိုင်ပွဲ၏ အမျိုးသား(၁၈)နှစ်အောက်ပြိုင်ပွဲတွင် တတိယဆုရ ကောင်းထူးအောင်။ (ဂေါက်သီးအဖွဲ့ချုပ်)

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁၉

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင်များနှင့် တင်းနစ်အားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသမီး အသက်(၁၀)နှစ်နှင့်အောက် တစ်ဦးချင်းဗိုလ်လုပွဲတွင် စုရတီက နှင်းလဲ့ဖြူကို ၆-၁၊ ၆-၀ ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။

အမျိုးသမီး အသက်(၁၂)နှစ်နှင့်အောက် တစ်ဦးချင်းဗိုလ်လုပွဲတွင် ဖူးဖူးက မျိုးသဒ္ဒါထက်ကို ၇-၆၊ ၆-၄ ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။

အမျိုးသားအသက် (၁၂)နှစ်နှင့်အောက်ပြိုင်ပွဲတွင် ကောင်းခန့်ကျော်က ကျော်မြင့်ထွန်းကို ၆-၃၊ ၆-၂ ဖြင့် လည်းကောင်း၊ အသက်(၁၄)နှစ်နှင့်အောက်ပြိုင်ပွဲတွင် ဖြိုးသူလွင်က လွင်မိုးကို ၆-၀၊ ၇-၅ ဖြင့် လည်းကောင်း၊ မြတ်နိုးအောင်က ဝင်းလွင်ကို ၆-၁၊ ၆-၂ ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသားအသင်းလိုက်ကွာတားဖိုင်နယ်ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကျိုက္ကဆံအသင်းကို သုံးပွဲ၊ ပွဲမရှိဖြင့် လည်းကောင်း၊ Y.C.D.C အသင်းက Rider အသင်းကို သုံးပွဲ၊ ပွဲမရှိဖြင့် လည်းကောင်း၊ ခေတ်သစ်မြန်မာအသင်းက P&E အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ Excellent Unity အသင်းက Charity အသင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး အကြိုဗိုလ်လုပွဲသို့ တက်သွားကြသည်။

ကျန်ပြိုင်ပွဲများ၏ ပွဲစဉ်များကို မေ ၂၀၊ ၂၁ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို မေ ၂၂ ရက် ညနေ ၅ နာရီတွင် ယင်းတင်းနစ်အားကစားကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မှူးယစ်ဆိုက ဆန့်ကျင်ကြ

ပေါ်တိုအသင်း ဖယ်လ်ကာအိုဂါစီယာ၏ ဂိုးဖြင့် ယူရိုပါလိဂ်ချန်ပီယံဖြစ် ယူရိုပါလိဂ်ဖလားမှာ ပေါ်တို၏ တတိယမြောက်ဆုဖလားဖြစ်လာ

ဟန်သစ်

လစ္စဘွန်း မေ ၁၉

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ၏ ယူရိုပါလိဂ် ဗိုလ်လုပွဲကို ကြာသပတေးနေ့ နံနက်ပိုင်းက ပေါ်တိုအသင်းနှင့် ဘရာဂါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပေါ်တိုက ဖယ်လ်ကာအိုဂါစီယာသွင်းသည့် တစ်လုံးတည်းသောဂိုးဖြင့် နိုင်ပွဲရကာ ယူရိုပါလိဂ်ချန်ပီယံဆုကို ရယူနိုင်ခဲ့သည်။

ဖယ်လ်ကာအိုဂါစီယာသည် ပထမပိုင်း ၄၄ မိနစ်တွင် ဖရီဒီဂါရင်၏ ဖြတ်တင်ဘောကို ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပေါ်တိုအနေဖြင့် ယခုရရှိသည့် ယူရိုပါလိဂ်ဖလားမှာ ယခုနှစ်ဘောလုံးရာသီ၏ တတိယမြောက်ဖလားဖြစ်ပြီး နည်းပြအန်ဒရီဗီလက်စ်ဘိုအစ်မှာလည်း ယူရိုပါလိဂ် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်သည့် အသက်အငယ်ဆုံးနည်းပြဖြစ်လာခဲ့သည်။

အင်တာနက်။

ယူရိုပါလိဂ်ချန်ပီယံဆုဖလားကို ကိုင်မြှောက်၍ အောင်ပွဲခံနေသည့် ပေါ်တိုအသင်းသားများကို တွေ့ရစဉ်။

ဗန်ပါစီအား တစ်ပတ်ပေါင်ကိုးသောင်းပေး၍ စာချုပ်သက်တမ်းတိုးရန် အာဆင်နယ်ကမ်းလှမ်း

လန်ဒန် မေ ၁၉

အာဆင်နယ်အသင်းသည် ၎င်းတို့၏ တိုက်စစ်မှူး နယ်သာလန်နိုင်ငံသား ဗန်ပါစီကို အသင်းနှင့် စာချုပ်သက်တမ်း တိုးမြှင့်ရန် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။

အသက်(၂၇)နှစ်ရှိ အဆိုပါ နယ်သာလန်သားသည် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းမှာ နောက်ထပ် နှစ်နှစ်ကျန်ရှိနေသေးပြီး လက်ရှိလစာမှာ တစ်ပတ်ပေါင် ခုနစ်သောင်းဖြစ်သည်။ ယခုအချိန်တွင် အာဆင်နယ်အသင်းက ဗန်ပါစီကို တစ်ပတ်လုပ်ခ ပေါင်ကိုးသောင်းပေးပြီး နောက်ထပ် စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ရန် ကမ်းလှမ်းလာခြင်း ဖြစ်သည်။ ထို့အပြင် အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမား နာဆရီကိုလည်း စာချုပ်သက်တမ်းတိုးနိုင်ရန် ကြိုးပမ်းလျက်ရှိနေပြီး အသင်းခေါင်းဆောင် ဖာဘရီဂက်စ်၏ အနာဂတ်မှာမူ မသေချာမရေရာသေးဟု သိရသည်။

အင်တာနက်။

မန်ယူအသင်း ကစားသမားသုံးဦး ခေါ်ယူမည်

မန်ချက်စတာ မေ ၁၉

ယခုနှစ် ဘောလုံးရာသီတွင် ပရီမီယာလိဂ် အမှတ်ပေးချန်ပီယံ (၁၉)ကြိမ်မြောက် ရယူထားသည့် မန်ယူအသင်းသည် လာမည့်နှစ် ဘောလုံးရာသီတွင်လည်း အောင်မြင်မှုများ ထပ်မံရရှိရေးအတွက် အဆင့်အတန်းမီ ကစားသမားအနည်းဆုံးသုံးဦးခန့် ခေါ်ယူသွားမည်ဟု နည်းပြဖာဂူဆန်က ထုတ်ဖော်ပြောကြားလိုက်သည်။

မန်ယူအသင်းအနေဖြင့် ဗန်ဒါဆား၏ နေရာတွင် အစားထိုးရန် ဂိုးသမားတစ်ဦး၊ ဂစ်နှင့် ပေါလ်စခိုးတို့၏ နေရာတွင် အစားထိုးရန် ကွင်းလယ်ကစားသမားတစ်ဦး၊ ဘာဘာတော့ဗ်နှင့် မိုက်ကယ်အိုဝင်တို့ကို အသင်းမှ ထွက်ခွာခွင့်ပြုရန် ရှိနေခြင်းကြောင့် တိုက်စစ်မှူးတစ်ဦး မဖြစ်မနေ ဝယ်ယူဖြည့်တင်းရန် လိုအပ်လျက်ရှိနေသည်။ ဖာဂူဆန်သည် ဂိုးသမားနေရာအတွက် အက်သလက်တီကို မက်ဒရစ်အသင်းမှ အသက်(၂၀)သာ ရှိသေးသည့် ဒေးဗစ်ဒီဂီယာနှင့် အားယက်စ်အသင်းမှ အသက်(၂၈)နှစ်ရှိ နယ်သာလန်နိုင်ငံသား မာတင်စတီကယ်လင်ဘတ်တို့ကို ပစ်မှတ်ထားနေပြီး တိုက်စစ်မှူးနေရာအတွက် ရီးယဲလ်မက်ဒရစ်အသင်းမှ ပြင်သစ်နိုင်ငံသား ဘန်ဇီမာကို ကမ်းလှမ်းရန် ကြံစည်လျက်ရှိနေသည်။ ကွင်းလယ်အတွက်ကိုမူ ဗီလာအသင်းမှ အက်ရှ်လေယန်းကို အဓိက ပစ်မှတ်ထားနေသည်ဟု သိရသည်။

အင်တာနက်။

ဖာဂူဆန်၏ စိတ်ဝင်စားခြင်းခံရသည့် အက်သလက်တီကိုမက်ဒရစ်ဂိုးသမား ဒေးဗစ်ဒီဂီယာ။

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မေ ၁၉

ဦးစိုးနိုင်အောင် (EI Electronic) သည် ကစားဖော်များဖြစ်ကြသော ဦးလှဦး(အငေးပြေးကုန်စည်လုပ်ငန်းရှင်ဥက္ကဋ္ဌမဏ္ဍိုင်)၊ ဦးခင်မောင်စိန်၊ ဦးစိုင်းထွန်းမြတ်တို့နှင့်အတူ မေ ၁၂ ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist No(3) ဘောလုံးကို NIKE IRON NO(1) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ ကိုက် အကွာရှိကျင်းအမှတ်(၂) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သုံးဆယ်ဈေးအတွင်း ရေစီးရေလာ ကောင်းမွန်စေရန်အတွက် ရေမြောင်းများ တူးဖော်ခြင်း၊ အမှိုက်သရိုက်နှင့် နုန်းများ ဆယ်တင်ခြင်းလုပ်ငန်းတို့ကို မေ ၇ ရက်က အဖွဲ့ဝန်ထမ်းများနှင့် ဈေးသူ၊ ဈေးသားများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

လူသားနှင့် လင်းပိုင်ငါးများအကြား စကားပြောဆိုနိုင်မှု စမ်းသပ်မည်

အဏ္ဏဝါသိပ္ပံသတင်း

ဘာသာပြန်-ရောမောင်

ဝါရှင်တန် မေ ၁၉

ပင်လယ်ရေအောက်၌ အသုံးပြုနိုင်သော ကွန်ပျူတာတစ်လုံးမှတစ်ဆင့် လူသားနှင့် လင်းပိုင်တို့အကြား စကားပြောဆိုနိုင်မည့် နည်းစနစ်တစ်ရပ်ကို လက်တွေ့စမ်းသပ်လေ့လာရန် အမေရိကန် အဏ္ဏဝါသုတေသီများက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြသည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဂျူပီတာမြို့ရှိ လင်းပိုင်ငါးဆိုင်ရာ သုတေသနစီမံကိန်းမှ သိပ္ပံပညာရှင်များသည် လင်းပိုင်ငါးများ၏ အသံကိုဖမ်းယူနိုင်ပြီး လူတို့က ပြန်လည်ပေးပို့လိုသော အသံကို လင်းပိုင်ငါးများထံ ပို့လွှတ်မည့် ဆက်သွယ်ရေး စက်ကိရိယာတစ်မျိုးကို တီထွင်ထားပြီဖြစ်သည်။

လူသားတို့နှင့် လင်းပိုင်ငါးများအကြား အသံအားဖြင့် တိုက်ရိုက်ဆက်သွယ်နိုင်မည့် နည်းစနစ်တစ်ရပ်ကို မကြာမီစမ်းသပ်မည်ဖြစ်ကြောင်း ဘာသာဘာဝ ကျက်စားနေထိုင်သော လင်းပိုင်ငါးများအား လေ့လာရေးစီမံကိန်းကို ဦးစီးဆောင်ရွက်နေသူ ဒင်းနစ်ဟာဇင်းက ပြောကြားသည်။

ရေအောက်၌ အသုံးပြုနိုင်သော ကွန်ပျူတာနှင့်အတူ ဟိုက်ဒရိုဖုန်းများ (Hydrophones)ကို အသုံးပြုကာ လင်းပိုင်ငါးများ၏ အသံများကို စုဆောင်းရယူနိုင်ကြောင်း၊ ယင်းနောက်တွင် လင်းပိုင်ငါးများထံသို့ လူတို့က အသံများကို ချက်ချင်း ပြန်လည်ပေးပို့မည်ဖြစ်ပြီး လူတို့က ပေးပို့သည့် အသံများအတိုင်း လင်းပိုင်ငါးများက ပြန်လည်အော်မြည်နိုင်ခြင်း ရှိ၊ မရှိ စမ်းသပ်မည်ဖြစ်ကြောင်း ဒင်းနစ်ဟာဇင်းက ပြောကြားသည်။

သုတေသီများသည် လင်းပိုင်ငါးများ နားလည်နိုင်စွမ်းရှိမည့် အသံရှစ်မျိုးကို တီထွင်ဖော်ထုတ်ထားသည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ဒေသ၌ လူတို့နှင့် လင်းပိုင်ငါးများအကြား အသံဖြင့်ဆက်သွယ်သည့် သုတေသနစမ်းသပ်ချက်ကို လာမည့်ရက်သတ္တပတ် အနည်းငယ်အတွင်း ပြုလုပ်မည်ဖြစ်သည်။

အင်တာနက်။

လူသားနှင့် လင်းပိုင်ငါးများအကြား စကားပြောဆိုဆက်သွယ်ရာ၌ အသုံးပြုမည့် ဟိုက်ဒရိုဖုန်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယနေ့ ကြေးမုံ သတင်းအညွှန်း

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ယူနန်ပြည်နယ် ရုပ်မြင်သံကြားဌာနတို့အကြား သတင်းနှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံ ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများ ပူးပေါင်းရိုက်ကူးထုတ်လုပ်ရေး ရင်းနှီးစွာဆွေးနွေး

(သတင်း)စာမျက်နှာ - ၃

ရန်ကုန်မြို့ အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ မြစ်ကျော်တာဝါတိုင်မှ လှိုင်မြစ်ကို ဖြတ်၍ တစ်ဖက်ကမ်းသို့ ကြိုးဆွဲခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်၍ ရေယာဉ်များ အနေဖြင့် ခွင့်ပြုချက်ရမှသာ ဖြတ်သန်းခုတ်မောင်းကြရန် နှိုးဆော်ချက်ထုတ်ပြန်

(သတင်း)စာမျက်နှာ - ၃

ပြည်တွင်း၌ ဆောင်ရွက်သင့်သည့် မော်တော်ယာဉ်ထုတ်လုပ်ပုံ အမျိုးအစားနှင့် နောင်အနာဂတ်အတွက် စက်မှုဇုန်များမှ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့် အစီအမံများ ဆွေးနွေး

(သတင်း)စာမျက်နှာ - ၉

နိုင်ငံတော်အတွင်း ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် နည်းပညာ၊ မျိုးကောင်းမျိုးသန့်များ၊ တည်ထောင်ပြီး စိုက်ခင်းများကို ပြုစုထိန်းသိမ်းရန်နှင့် အားနည်းချက်များကို ဖော်ထုတ်ဖြေရှင်းရန် အမြင်ချင်းဖလှယ်

(သတင်း)စာမျက်နှာ - ၁၀

ပေါ်တိုအသင်း ဖယ်လ်ကာအိုဂါစီယာ၏ ဂိုးဖြင့် ယူရိုပါလိဂ်ချန်ပီယံဖြစ်
ယူရိုပါလိဂ်ဖလားမှာ ပေါ်တို၏ တတိယမြောက် ဆုဖလားဖြစ်လာ

(သတင်း)စာမျက်နှာ - ၁၁